### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီး ခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**လုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒမဲပေးကြ။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၅၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအားလုံး အနေဖြင့် သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲများပေးကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိ မြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ် (၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို မြို့နယ်ပေါင်း (၁၀၂)မြို့နယ်၌ကျင်းပပြုလုပ် စာ - ၁၂ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်)

# ဒီမိုကရေစီမှတ်တိုင်တစ်ခုဖြစ်လာခဲ့ပြီ

မြန်မာနိုင်ငံတွင်စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိသည်။ ထိုစနစ်အရလွှတ်တော်ကိုယ်စားလှယ်များကိုရွေးကောက်ပွဲကျင်းပ၍ ပြည်သူလူထုမှ ရွေးချယ်ပေးကြရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်ပြည်သူလူထု၏တောင်းဆိုချက်အရ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေးအတွက် တပ်မတော်သည် ဒီမိုကရေစီအခင်းအကျင်းကို လိုလေသေးမရှိအောင်ပြင်ဆင်ပေးခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်တွင်ပထမဆုံးသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုစတင်ကျင်းပပေးခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်တရားမဲ့ပြုကျင့်မှုများကိုပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့သည့်အတွက် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်ကိုစောင့်ရှောက်ခဲ့ရသည်။ ထိုသို့စောင့်ရှောက်ရခြင်းမှာလည်း စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်မပျက်ယွင်းစေရေးအတွက်ဖြစ်သည်။ ယခုအခါစတုတ္ထအကြိမ်အဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်စတင်ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါရွေးကောက်ပွဲသို့ နိုင်ငံရေးပါတီ ၅၇ ပါတီနှင့်ကိုယ်စားလှယ်ပေါင်း ၄၈၆၃ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရွေးကောက်ပွဲစနစ်အနေဖြင့်လည်း သင့်လျော်မှန်ကန်သည့်စနစ်အဖြစ်တွေ့မြင်ရသည်။ ယခင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် လွှတ်တော်သုံးရပ်လုံးကို နိုင်သူအကုန်ယူစနစ်ဖြင့်ဆောင်ရွက်ခဲ့သည်။ ယခုရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၌ နိုင်သူအကုန်ယူစနစ်အသုံးပြုပြီး အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင်ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ်ကိုကျင့်သုံးခဲ့သည်။ မဲပေးရမည့်ပုံစံအနေဖြင့် ရွေးကောက်ပွဲတွင်ကြိုတင်မဲများမှလွဲ၍ မဲရုံများတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များကိုအသုံးပြုထားသည်။ အဆိုပါမဲပေးစက်မှာနိုင်ငံတကာတွင်အသုံးပြုနေကြသည့်မဲပေးစက်များကိုလေ့လာပြီး မြန်မာနိုင်ငံနှင့်အသင့်လျော်ဆုံးဖြစ်အောင် မြန်မာပညာရှင်များကတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုအသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ပယ်မဲမရှိခြင်း၊ မဲရလဒ်များကိုလျင်မြန်စွာထုတ်ပြန်နိုင်ခြင်း စသည့်အကျိုးရလဒ်ကောင်းများရရှိစေသည်။ မဲပေးစက်တွင်ပြင်ပနှင့်ချိတ်ဆက်ထားခြင်းမရှိသည့်အတွက် မဲမသမာမှုမဖြစ်နိုင်ပေ။ မသန်စွမ်းသူများမဲပေးနိုင်ရေးကိုစနစ်တကျဆောင်ရွက်ပေးထားသည့်အတွက် ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံ/အမြင်အာရုံမသန်စွမ်းသူများလည်းကိုယ်တိုင် သို့မဟုတ် အကူလူပုဂ္ဂိုလ်ဖြင့်ဆန္ဒမဲပေးနိုင်သည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်၏အရည်အသွေး၊ စံချိန်စံညွှန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအမျိုးသားစံချိန်စံညွှန်းကောင်စီကလည်း အသိအမှတ်ပြုထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၂၁၅၁၇ ရုံရှိပြီး မဲရုံတစ်ရုံစီတွင် စနစ်တကျလေ့ကျင့်ထားသည့်မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များထားရှိသည်။ မဲဆန္ဒရှင်များအနေဖြင့် လွတ်လွတ်လပ်လပ်နှင့်ပွင့်လင်းမြင်သာစွာ၊ အဆင်ပြေလွယ်ကူစွာမဲပေးနိုင်ရေးဆောင်ရွက်ထားသည့်အတွက် ပြည်သူများစိတ်အေးချမ်းသာစွာမဲပေးနိုင်ခဲ့ကြသည်။ မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများလုံခြုံမှုရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစေရန်လည်းဆောင်ရွက်ထားရှိသည့်အတွက် မဲပေးခြင်းကိုအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ရွေးကောက်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များစနစ်တကျဆောင်ရွက်နိုင်ရန်အပိုင်းသုံးပိုင်းခွဲကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပပြီးစီးသည့်အပိုင်း(၁)တွင် မြို့နယ် ၁၀၂ မြို့နယ်ပါဝင်သည်။ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း(၃)ကို ဇန်နဝါရီလ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်၌ဆက်လက်ကျင်းပမည်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲများမှပြည်သူတို့ရွေးချယ်တင်မြှောက်လိုက်သောကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏အနာဂတ်ကိုပိုမိုကောင်းမွန်အောင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတိုးတက်အောင်ကြိုးစားကြရမည်ဖြစ်သည်။

ယခုကျင်းပခဲ့သည့်ရွေးကောက်ပွဲသည် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့်ဂုဏ်သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအားလာရောက်လေ့လာနိုင်ရန်ဖိတ်ခေါ်ပြသခဲ့သည်။ ပြည်သူလူထုကလည်း ရွေးကောက်ပွဲအောင်မြင်စေရေးနှင့်မိမိတို့နှစ်သက်သဘောကျသည့် ကိုယ်စားလှယ်မဲအနိုင်ရရေးအတွက် တက်ကြွစွာလာရောက်မဲပေးခဲ့ကြသည်။ မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးခွင့်ကိုအသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကိုကောင်းမွန်စေရန် ရွေးချယ်ဆုံးဖြတ်ပေးခဲ့သည်။ ပြည်သူတစ်ရပ်လုံးမျှော်လင့်စောင့်စားနေသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သည် အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲသည် မြန်မာနိုင်ငံသမိုင်းတွင် ဒီမိုကရေစီမှတ်တိုင်တစ်ခုဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# မင်းဘူး(စကု)မြို့နယ်၌ အခြေခံပညာစာသင်ကျောင်းဆောင်သစ်နှစ်ကျောင်း ဖွင့်လှစ်

မင်းဘူး ဒီဇင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ Quick Win အစီအစဉ်ဖြင့် အခြေခံပညာစာသင်ကျောင်းဆောင်သစ်နှစ်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းများ၌ ကျင်းပသည်။

ရေးဦးစွာ ကြီးပင်ကန်-၁ ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့်ကျောက်စံကျေးရွာအခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲမှုခ်ဦးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းအားအမွှေးနံ့သာရည်များပက်ဖျန်းကာ အဆိုပါကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်စံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က ယခုဘဏ္ဍာနှစ်တွင် မင်းဘူး(စကု)မြို့နယ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စာသင်ကျောင်းခြောက်ကျောင်း၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ Quick Win အစီအစဉ်ဖြင့် စာသင်ကျောင်းသုံးကျောင်း ဆောက်လုပ်ပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးတာဝန်ခံက ကျောင်းဆောင်သစ်ဆိုင်ရာ အချက်အလက်များကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

# မြစ်သားမြို့နယ်၌ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မြစ်သား ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ လူထုအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲတွင် မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ၊ အားကစားဝါသနာပါသူလူငယ်လူရွယ်များနှင့် ဒေသခံပြည်သူများက မြစ်သားမြို့သံလမ်းဆုံ (မြို့ဝင်ဆိုင်းဘုတ်)မှ ရေဝန်း-မြင်းခြံကားလမ်းအတိုင်းတောမြောင်းပေါင်အထိ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း ဝင်ရောက်ကာ စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ပြီး ပါဝင်ဆင်နွှဲကြသူများအား အကြော်၊ ကောက်ညှင်းပေါင်းတို့ဖြင့် ကျွေးမွေးဧည့်ခံကြောင်းသိရသည်။

**ဝါဝါမြင့်(မြစ်သား)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုမြင်ကွင်းဓာတ်ပုံများ



ထားဝယ်မြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။
ငွေဇင်ယော်(ထားဝယ်)



လှိုင်ကော်မြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။
ပြည်နယ်(ပြန်/ဆက်)


ကျောက်တလုံးကြီးမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။
ဇော်နိုင်လင်း


ကသာမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ ခရိုင်(ပြန်/ဆက်)


ဘုတ်ပြင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)


ကော့သောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ ခရိုင်(ပြန်/ဆက်)


ဟိုပုံးမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)


ကရသူရိမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ ကရသူရိ(ပြန်/ဆက်)


ရွှေဘိုမြို့၌ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးစဉ်။ ခရိုင်(ပြန်/ဆက်)


ချောင်းဆုံမြို့၌ အသက် ၉၈ နှစ်အရွယ်အဘွားတစ်ဦး လာရောက်ဆန္ဒမဲပေးစဉ်။
ချောင်းဆုံ(ပြန်/ဆက်)

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

နံနက်စောစော ကော်ဖီကို အခန်းထဲသို့ပို့ပေးရမလား၊ အောက်ထပ်ဆင်းသောက်မလား လာမေးခြင်းသာဖြစ်ပေမည်။ စုလှိုင်သည် ဘာအသံမှပြန်မပေးဘဲ ငြိမ်နေလိုက်သည်။ အခန်းတံခါးသည် စေ့ရုံသာစေ့ထား၍ မအေးတင်သည် အသာလေးတွန်းဖွင့်ပြီး အခန်းထဲလှမ်းကြည့်သည်။ စုလှိုင်သည် မျက်လွှာကိုမှေးမှိတ်ကာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ ထို့ကြောင့် မအေးတင်သည် ခြေကိုဖော့နင်းကာ အသာလေး ပြန်ထွက်သွားလေသည်။

မအေးတင်ပြန်ထွက်သွားသောအခါမှ စုလှိုင်သည် မျက်လုံးကို အသာပြန်ဖွင့်လိုက်သည်။ ဖတ်လက်စ စာများကို ဆက်ဖတ်သည်။ နံနက်ခင်း၏ နေခြည်ထွေးထွေး လေပြည်အေးအေးတွင် မိမိကိုတမ်းတနေသူများ၏စာများကို ဖတ်နေရခြင်းကို စုလှိုင်နှစ်သက်သည်။ သဘောကျကျေနပ်မိလေသည်။ ကျောင်းတွေ ပိတ်ထားသောကြောင့် ကျောင်းတက်ရန်လည်း မရှိချေ။ အေးအေးဆေးဆေး ဖတ်ချိန်ရသည်။ ထိုအချိန်တွင် မအေးတင်ဝင်လာပါက စုလှိုင်အိပ်ချင်ဟန်ဆောင်နေလိုက်သည်သာဖြစ်သည်။ စကားမပြောချင်၍ ဖြစ်လေသည်။

**သက်ထားစု**

စာရေးရတာလည်း လေး၊ ငါးစောင်ရှိပြီ။ ကိုကို့ကို အဖြေပေးဖို့ ကောင်းပါပြီကွယ်။ ချစ်ရင်လည်း ချစ်တယ်၊ မုန်းရင်လည်း မုန်းတယ်ပေါ့။ ဘာဖြစ်လို့ဒီလောက်တောင် မတုန်မလှုပ်နေနိုင်လွန်းရတာလဲ မိန်းကလေး။ ခံစားရတဲ့ ကိုကို့မှာတော့ အသည်းတွေကြွေတော့မယ်။ ဒါကို မင်းလေးသိရဲ့လား စုသက်ထားရယ်။

စုလှိုင်သည် ထိုစာကိုဖတ်ရင်း သမ်းဝေလိုက်မိသည်။ သူ့နာမည်ကို မေ့သွား၍ အောက်ဘက်တွင်ထိုးထားသောဆိုင်းကို ပြန်ကြည့်ရသည်။ အေးကျော်ဖြစ်သည်။ စုလှိုင်ထက် အသက်ရော အတန်းပါ များစွာကြီးသည်။ နောက်ဆုံးနှစ် သင်တန်းသားကြီးဖြစ်လေသည်။ ဖွဲ့လည်း အတော်ကောင်းလေသည်။ စုလှိုင်၏အခန်းရှေ့တွင် တစ်ချိန်လုံး မသွောင်းမသွာရပ်ပြီး စုလှိုင်ကို ငေးကြည့်တတ်သူဖြစ်သည်။ အသားဖြူပြီး ဝဖိုင့်ဖိုင့်ရှိသော ခန္ဓာကိုယ်ကြောင့် သူ့ကို အင်ထရိုပီဟု မိန်းကလေးများက အမည်ပေးထားသည်ကို ကြားရဖူးသည်။ အင်ထရိုပီဟူသည်မှာ ဓာတုဗေဒစကားလုံးဖြစ်သည်။ ပုံပျက်ခြင်းဟု အဓိပ္ပာယ်ထွက်လေသည်။

စုလှိုင်သည် စာရွက်လေးကိုပစ်ချလိုက်ပြီး ခေါင်းအုံးဘေးမှ ဓာတ်ခဲသုံးရေဒီယိုလေးကိုစမ်းပြီး ခလုတ်ဖွင့်လိုက်သည်။ နံနက်ခင်းတေးသံသာများက မြူးရွှင်စွာထွက်ပေါ်လာသည်။ ခုနစ်နာရီကျော်ပေပြီ။ ထဖို့ကောင်းပြီဖြစ်သည်။

စုလှိုင်အောက်ထပ်သို့ဆင်းသောအခါ ရှစ်နာရီပင်ထိုးလုပေပြီ။ ကျောင်းပိတ်ထားသဖြင့် ပျင်းနေသည်။ ကျောင်းပိတ်သည်က အရေးမကြီးလှချေ။ ကျောင်းသာမက ရုပ်ရှင်ရုံများပါပိတ်ထားသောကြောင့် ပို၍ပျင်းဖို့ကောင်းနေခြင်းဖြစ်လေသည်။

'စု'

ထမင်းစားခန်းထဲမှ ဒက်ဒီကလှမ်းခေါ်သည်။ မာမီကိုမူမတွေ့ရပေ။ အိပ်ရာက ထသေးပုံမရ၊ သို့မဟုတ် ရေချိုးခန်းသို့ဝင်နေခြင်းဖြစ်ချင်ဖြစ်ပေမည်။

ဒက်ဒီသည် အသက်လေးဆယ့်ငါးနှစ်ရှိပြီဖြစ်သော်လည်း နုပျိုလှသည်။ ဆံပင်များလည်း လုံးဝမဖြူသေးပေ။ စင်းနေသောနှာတံနှင့် ပြည့်ဖြိုးသော နှုတ်ခမ်းများကိုပိုင်ဆိုင်သည်။ စုလှိုင်သည် မာမီနှင့်တူသော်လည်း နှုတ်ခမ်းများကမူ ဒက်ဒီနှင့်တူလေသည်။ စုလှိုင်၏နှုတ်ခမ်းသည် မာမီလိုနှုတ်ခမ်းပါးလေးများ မဟုတ်ပေ။ ဒက်ဒီလိုပင် အောက်နှုတ်ခမ်းလေး မသိမသာတွဲကာ ထူဝန်းပြည့်ဖြိုးလေသည်။

**"ဒက်ဒီသည် အသက်လေးဆယ့်ငါးနှစ်ရှိပြီဖြစ်သော်လည်း နုပျိုလှသည်။ ဆံပင်များလည်း လုံးဝမဖြူသေးပေ။ စင်းနေသောနှာတံနှင့် ပြည့်ဖြိုးသောနှုတ်ခမ်းများကို ပိုင်ဆိုင်သည်။ စုလှိုင်သည် မာမီနှင့်တူသော်လည်း နှုတ်ခမ်းများကမူ ဒက်ဒီနှင့်တူလေသည်။ စုလှိုင်၏နှုတ်ခမ်းသည် မာမီလိုနှုတ်ခမ်းပါးလေးများ မဟုတ်ပေ။ ဒက်ဒီလိုပင် အောက်နှုတ်ခမ်းလေး မသိမသာတွဲကာ ထူဝန်းပြည့်ဖြိုးလေသည် . . ."**

ထိုနှုတ်ခမ်းများကို ဒက်ဒီကလည်းသဘောကျဟန်တူသည်။ ထိုနှုတ်ခမ်းသားများကြောင့်လည်း သူ့သွေးအနေဖြင့် လက်ခံလာခဲ့ဟန်တူသည်ဟု စုလှိုင် တစ်ခါတစ်ရံတွေးမိသေးသည်။

'စုကို ဒက်ဒီပြောမလို့၊ မကြုံတာနဲ့မပြောဖြစ်ဘူး'

ဒက်ဒီသည် ကော်ဖီကိုဖြည်းဖြည်းသောက်လျက်ရှိသည်။ သူ့ရှေ့တွင် ဝင်ထိုင်လိုက်သော စုလှိုင်ကို ခပ်စူးစူးကြည့်သည်။

'သဲလ်မာသွားတဲ့ ဖဲဝိုင်းတွေကို စု မလိုက်ပါနဲ့'

မာမီ၏အမည်ရင်းသည် ဌေးဌေးရွှေဖြစ်သော်လည်း သဲလ်မာဟူသော အနောက်တိုင်းအမည်ကိုသာ လူသိများသည်။ ဒက်ဒီကလည်း သဲလ်မာဟုပင် ခေါ်လေ့ရှိသည်။

စုလှိုင်သည် ဒက်ဒီကို တအံ့တသြလှမ်းပြီးကြည့်လိုက်မိသည်။ စုလှိုင်ကို တားဆီးပိတ်ပင်မှုများကို ဒက်ဒီအရင်က တစ်ခါမျှမပြုလုပ်ခဲ့ဖူးပေ၊ စိတ်ဝင်စားပုံလည်းမရ၊ ခုမှဘာများစိတ်ကူးပေါက်လာပါလိမ့်ဟု တွေးမိသည်။

'စု လိုက်ခဲ့ပါတယ် ဒက်ဒီ၊ အခုကျောင်းပိတ်နေတော့ တစ်ခါတလေပျင်းလွန်းရင်လိုက်သွားပြီး ဖရက်ဒီနဲ့စကားပြောနေတာပါပဲ'

'အဲဒီဖဲဝိုင်းတွေက လူစုံတယ်၊ စုလိုအရွယ်လေး မသွားသင့်ဘူး၊ ဒက်ဒီပြောတာ နားလည်တယ်မဟုတ်လား' 'ဒါပေမဲ့ ဒါပေမဲ့ ဒက်ဒီ'

စုလှိုင်က စောဒကတက်လိုက်မိသည်။

'ဒက်ဒီ အရင်က စုကို တစ်ခါမှမစိုးရိမ်ဖူးပါဘူး၊ အခု အခုဟာကရော စိုးရိမ်တာလား'

ဒက်ဒီသည် ကော်ဖီပန်းကန်ကိုပြန်ချထားလိုက်ပြီး စုလှိုင်၏သံသယမျက်လုံးလေးများကို စိုက်ကြည့်သည်။

'လူတွေဆိုတာ ဘယ်တော့မှမကောင်းဘူးစု၊ အဲဒါကိုသိထား၊ တစ်ယောက်နဲ့တစ်ယောက် တင်ဖို့၊ စီးဖို့၊ အမြတ်ထုတ်ဖို့ အမြဲအားထုတ်နေကြတာ၊ ကတုံးပေါ်မှာထိပ်ကွက်နေကြတဲ့ အလည်အနပ်တွေချည်းပဲ၊ အဲဒါတွေကို ဒက်ဒီက သိထားလို့ပြောတာ'

'ကောင်းတဲ့လူလေး တစ်ယောက်တလေလောက်တောင် မရှိဘူးလား ဒက်ဒီရယ်' 'မရှိဘူး၊ ဘယ်သူမှမကောင်းဘူး၊ ကိုယ်ကလည်နိုင်ရင်လည်၊ မလည်နိုင်ရင် ကိုယ့်အပေါ်မှာ ကျောသွားမှာပဲ'

စုလှိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ ဒက်ဒီ၏မျက်လုံးများသည် သံသယအခိုးအငွေ့များနှင့်မာပြီး အေးစက်နေသည်။

'လူတွေက ဒီလောက်ဆိုးသလား ဒက်ဒီ' 'ဒီထက်မက ဆိုးတာပေါ့၊ စု ဘာမှမသိသေးဘူး၊ ဒက်ဒီ တစ်ခုပြောလိုက်မယ် ဘယ်သူ့ကိုမှ မယုံနဲ့'

'စု မယုံပါဘူး' 'အေး အဲဒါကောင်းတယ်'

ဒက်ဒီက ကျေနပ်သောအသံနှင့်ပြောသည်။ စုလှိုင်သည် လက်ထဲမှ ကိတ်မုန့်ချပ်လေးကို မစားဖြစ်သေးဘဲ ကိုင်ထားရင်းမှ တွေနေမိသည်။

'ဒက်ဒီ မာမီကိုရော မယုံဘူးလား' 'ဒက်ဒီ ဘယ်မိန်းမကိုမှမယုံဘူး စု'

ဒက်ဒီသည် အပြတ်ပင်အဖြေပေးလိုက်သည်။ ထိုစကားအရ မာမီကိုသာမက သူ၏နံပါတ်နှစ်တွေ၊ သုံးတွေကိုလည်း မယုံကြည်ကြောင်း အဓိပ္ပာယ်ရှင်းရှင်းကြီးထွက်လာသည်။ စုလှိုင်သည် ကိတ်မုန့်လေးကို ပြန်၍ချကာ ဒက်ဒီ၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်လိုက်သည်။ ထို့နောက် တိုးတိုးလေး မေးလိုက်မိသည်။

'မာမီကို ဒက်ဒီချစ်လား'

ဒက်ဒီသည် စုလှိုင်၏မျက်လုံးများကိုလွှဲဖယ်ကာ ခပ်ခြောက်ခြောက်ရယ်လိုက်လေသည်။

'ချစ်မှာပေါ့'

စုလှိုင်သည် ခေါင်းယမ်းလိုက်သည်။ ထို့နောက် ထပ်ပြီးမေးမိသည်။

'တည့်တည့်ပြောပါလားဒက်ဒီ မာမီကိုချစ်ရဲ့လား' 'ကိုယ်လက်ထပ်ထားတဲ့မိန်းမပဲ၊ ချစ်မှာပေါ့' 'ချစ်တယ်ဆိုတာဘာလဲ ဒက်ဒီသိရဲ့လား'

ဒက်ဒီသည် အဖြေမပေးတော့ဘဲ ငြိမ်နေသည်။ စုလှိုင်နှင့်ဒက်ဒီသည် တစ်ခါမျှ ဒီလောက်အခြေအတင်စကားကြာကြာမပြောခဲ့ဘူးပေ။ ဒီနေ့မှ ဒက်ဒီက ထူးထူးခြားခြားစိတ်ရှည်လက်ရှည်ထားပြီး ပြောနေခြင်းဖြစ်သည်။ ဒက်ဒီသည် ရွှေနားရစ်ကော်ဖီပန်းကန်လေးကိုငေးကြည့်ရင်း မျက်မှောင်မသိမသာကုတ်နေလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး



မိတ္ထီလာ ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၇ ရက်က မိတ္ထီလာမြို့ ပန်းလေပြေဟိုတယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင်၏စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေပြု MSME ဖွံ့ဖြိုးရေး၊ အသက်အရွယ်အပိုင်းအခြားအလိုက်လူဦးရေများ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ စက်မှုဇုန်နှင့် စက်ရုံအလုပ်ရုံများ၊ MSME လုပ်ငန်းများဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့် ကုန်စည်ဒိုင်များတွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် ရရှိနိုင်သောအခွင့်အလမ်းများကို လေ့လာခြင်း၊ ခရိုင်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအပေါ် လျှပ်စစ်ကဏ္ဍ၏အထောက်အကူပြုမှုအခြေအနေကိုလေ့လာခြင်း၊ ကျေးလက်နေလူမှုဘဝအခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ လက်ရှိမြေအသုံးချမှု၊ ရေရရှိမှုနှင့် ရာသီဥတုအခြေအနေပြောင်းလဲလာမှု၊ ခရိုင်၏ကဏ္ဍအလိုက်ထုတ်လုပ်မှုနှင့် စုစုပေါင်းထုတ်ကုန်တွင် ပါဝင်မှုအခြေအနေကို လေ့လာဆန်းစစ်ခြင်း စသည့်ကဏ္ဍအလိုက် ဆွေးနွေးမှုကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြသန္တာနှင့် ပါမောက္ခဌာနမှူးများ၊ မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် အဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းမြေ့**



# ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး

**စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပဓာနကျသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူနိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)
၁၀.၁.၂၀၂၅

❖ ကျောဖုံးမှအဆက်

ပါဝင် စောင့်ကြည့်လေ့လာကြမည်ဖြစ်သည်။

ယနေ့တွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ၊









နိုင်ငံတကာရေးရာဌာနမှ Ms.Chen Xuanbo၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Alexei Bashan၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အ.ထ.က (၁၄) ရှိ မဲရုံအမှတ်(၁)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ရှိ မဲရုံအမှတ်(၂)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အ.ထ.က (၁၃) ရှိ မဲရုံအမှတ် (၁)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်အ.ထ.က (၂၀) ရှိမဲရုံအမှတ် (၁)၊ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အ.မ.က (၁၄၀) ရှိမဲရုံအမှတ် (၃) နှင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အ.ထ.က (၃) ရှိ မဲရုံအမှတ် (၄) တို့၌ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ကိုယ်စားလှယ်လောင်းများအား





လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုကို လေ့လာစောင့်ကြည့်ကြပြီး မဲဆန္ဒရှင်များနှင့် မဲရုံမှူးများကိုတွေ့ဆုံ၍ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့ပြင်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းဦးဆောင်၍ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh၊ နီကာရာဂွါနိုင်ငံမှ Mr. Mario jose Armengol Campos၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ - ဂျပန်အသင်း (MJA) ကိုယ်စားလှယ်အဖွဲ့တို့ပါဝင်သည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအားတွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

ယခုကျင်းပလျက်ရှိသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ယှဉ်ပြိုင်မည့် ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်းတွင် ယှဉ်ပြိုင်မည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နေပြည်တော်မှရန်ကုန်သို့ ထွက်ခွာမည့် ဒီဇယ်လျှပ်စစ်သုံး(DEMU)အစုန်ရထား ဘူတာရုံ၌ ဆိုက်ကပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော် ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် နေပြည်တော်မှရန်ကုန်သို့ ထွက်ခွာမည့် ဒီဇယ်လျှပ်စစ်သုံး (DEMU) အစုန်ရထားဘူတာရုံ၌ ဆိုက်ကပ်ထားရှိမှုနှင့် ဘူတာရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်ဘူတာရုံအတွင်းရှိ လူသွားစင်္ကြံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ရထားဘူတာရုံအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့်မျက်စိပသာဒဖြစ်စေရေး၊ ရထားဝန်ထမ်းများနှင့် ခရီးသည်များ၏သွားလာနေထိုင်မှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နေပြည်တော်ဘူတာကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁)ရွေးကောက်ပွဲသို့လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။




ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသည့် ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့သည် မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိမဲပေးပိုင်ခွင့်ကိုအသုံးပြုပြီး ဆန္ဒထုတ်ဖော်ပြသနေကြသည့် ရွေးကောက်ပွဲအပိုင်း (၁) ပြီးဆုံးသည့်နေ့ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ခြင်း တစ်ခုတည်းအတွက် မဟုတ်ကြောင်း၊ ပြည်သူအားလုံးပါဝင်ဆောင်ရွက်နိုင်မှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် ဒီမိုကရေစီ၏တန်ဖိုးများကို ပေါ်လွင်ထင်ဟပ်စေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ဂုဏ်ပြုညစာစားပွဲကျင်းပရခြင်းဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်လုပ်ငန်းစဉ်တစ်လျှောက် ဘက်မလိုက်ဘဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် အဆွေတော်အားလုံးကို မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူများကိုယ်စားအထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုများသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာစေရုံသာမက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံးအတွက်ယုံကြည်မှုကိုခိုင်မာစွာတည်ဆောက်ပေးနိုင်မည်ဟုယုံကြည်ကြောင်း။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သူများ၊ နိုင်ငံရေးပါတီများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အဆွေတော်တို့ မျက်ဝါးထင်ထင်မှတ်ကျောက်တင်နိုင်ခဲ့ပြီဟုလည်း ယူဆကြောင်း၊ မိမိတို့နိုင်ငံ၏စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့်အဆွေတော်တို့၏ ကောင်းမွန်သည့်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆင်မှုများအပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများနှင့်ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာဆန္ဒမဲပေးရွေးချယ်









ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသတ်မှတ်ထားသည့်မဲရုံအသီးသီးတွင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိကြိုက်နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပနေမှုများကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကလည်း လွတ်လပ်စွာသတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲလာရောက်ပေးနေမှုအခြေအနေများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။









၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သဃ်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။

ဆက်လက်၍ ဇန်နဝါရီလ ၁၁ ရက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့တွင် မဲရုံ ၁၁၇၁ ရုံ ဖြင့်လည်းကောင်း၊ ဇန်နဝါရီလ ၂၅ ရက်တွင် အပိုင်း(၃)ကို ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တို့တွင် မဲရုံ ၁၃၀၀ ဖြင့်လည်းကောင်း ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ထားကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦးရှိပြီး နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို စတင်အသုံးပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **မြဝတီ**

## ထူးခြားသည့် ညအပူချိန်များ

၂၈-၁၂-၂၀၂၅


| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုမြင်ကွင်းဓာတ်ပုံများ



ဥတ္တရသီရိ

ခရိုင်(ပြန်/ဆက်)



သထုံ

ခရိုင်(ပြန်/ဆက်)



မအူပင်

အောင်မြင့်မြတ်(ပြန်/ဆက်)



မကွေး

ခရိုင်(ပြန်/ဆက်)



လားရှိုး

ခရိုင်(ပြန်/ဆက်)



ကျိုင်းတုံ

အောင်ဇင်မြင့်(ပြန်/ဆက်)



မိတ္ထီလာ

(၆၀၂)



ခိုလမ်

(၄၁၄)



တနိုင်း

မနောမြေ(တနိုင်း)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအေးချမ်းစွာဆန္ဒမဲပေးလျက်ရှိ



**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ မဲရုံ ၁၄၂ ရုံ၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) ကျင်းပရာ ပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးခဲ့ကြသည်။

ထိုသို့မဲပေးရာတွင် တောင်ငူမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက် ၂၃ ခု၊ ကျေးရွာအုပ်စု ၃၃ စုတို့ရှိ မဲရုံ ၁၄၂ ရုံတွင် ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်လောင်းများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဆန္ဒမဲများပေးခဲ့ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပခုက္ကူ**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိမဲရုံများ၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ကျင်းပလျက်ရှိရာ မဲပေးပိုင်ခွင့်ရှိသူပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့မဲပေးရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများက ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများမှ မိမိကြိုက်နှစ်သက်ရာ ပါတီကိုယ်စားလှယ်ကို လွတ်လပ်စွာဆန္ဒမဲပေးလျက်ရှိကြသည်။

ယင်းသို့မဲဆန္ဒရှင်ပြည်သူများမဲပေးနေမှုအား ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကွင်းဆင်းလှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ကယ်ရီမောင်**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ သက်ဆိုင်ရာမဲရုံများ၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးကြသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများ မဲရုံသို့လာရောက်မဲပေးနေမှုများကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက လိုက်လံကြည့်ရှုစစ်ဆေးကြီးကြပ်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများမှပါတီကိုယ်စားလှယ်များလည်း လာရောက်ကြည့်ရှုကြကြောင်းနှင့် ကန့်ဘလူမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ရပ်ကွက်(၅)ရပ်ကွက်နှင့်ကျေးရွာအုပ်စုရှစ်အုပ်စု၌ မဲရုံပေါင်း ၃၂ ရုံပါဝင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




**ရွှေသောင်ယံ**


ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ပြည်သူများက မဲပေးစက်ဖြင့်စနစ်တကျမဲပေးကြရာတွင် မဲရုံ၌ တာဝန်ကျသော ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများကမဲပေးရန်လာရောက်သည့် သက်ကြီးရွယ်အိုများအား ဖေးမကူညီခြင်း၊ မသန်စွမ်းသူများအား ကူညီစောင့်ရှောက်ခြင်းလာရောက်မဲပေးကြသည့်ပြည်သူများအားလုံး အေးချမ်းလုံခြုံစွာမဲပေးနိုင်ရေး အထူးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပြီးလာရောက်မဲပေးသူပြည်သူများက လွှတ်တော်အသီးသီးရှိ ဆန္ဒပြုခန်းများ၌ မိမိတို့ဆန္ဒပြုလိုသည့်ပါတီများအား လွတ်လပ်စွာဆန္ဒမဲပေးလျက်ရှိသည်။

ရွှေသောင်ယံမြို့၌ မြို့ပေါ်ရပ်ကွက်(၃)ခု၌ မဲရုံ(၃)ရုံ၊ သဲကုန်းကျေးရွာအုပ်စု၊ သပေါ့ကန်ကျေးရွာအုပ်စုတို့၌ မဲရုံကိုးရုံ စုစုပေါင်း မဲရုံ ၁၂ ရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၆၀၇ ဦးရှိကြောင်း သိရသည်။

**ကိုကိုမောင်**





**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကိုကျင်းပရာ မဲဆန္ဒရှင်ပြည်သူများလာရောက်မဲပေးကြသည်။ ထိုသို့မဲပေးရာတွင် မူဆယ်မြို့ မြို့ပေါ် ၉ ရပ်ကွက်ရှိ အခြေခံပညာကျောင်းများ၌ မဲရုံပေါင်း ၁၈ ရုံဖြင့် ဖွင့်လှစ်ဆောင်ရွက်ရာ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာဆန္ဒမဲများလာရောက်ပေးကြပြီး အဆိုပါမဲရုံများတွင် သက်ဆိုင်ရာပါတီကိုယ်စားလှယ်များက ပြည်သူများမဲပေးနေမှုကိုကြည့်ရှုနေကြောင်းနှင့် မူဆယ်မြို့အတွင်း အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၄၄၀၆၀ ဦးရှိကြောင်း မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ချယ်ရီမြေ(မူဆယ်)**




**ချောင်းသာ**

ချောင်းသာမြို့ မဲရုံများ၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ငြိမ်းချမ်းစွာဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည်။

ထိုသို့ဆန္ဒမဲပေးနိုင်ရန်အတွက် ချောင်းသာမြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲရုံပေါင်းကိုးရုံ ဖွင့်လှစ်ထားရှိရာ မဲဆန္ဒရှင်ပြည်သူများက လာရောက်မဲပေးလျက်ရှိကြောင်းနှင့်ချောင်းသာမြို့နယ်အတွင်း၌ ဆန္ဒမဲပေးခွင့်ရှိသူ ၁၄၀၁၆ ဦးရှိကြောင်း မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**



**မိုင်းဆတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများလာရောက်မဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့မဲပေးရာတွင် မိုင်းဆတ်မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၃၅ အုပ်စုရှိပြီး မဲရုံ ၇၀ ရုံ၌ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်များအား လာရောက်မဲပေးလျက်ရှိရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

**သန်းဇော်ဦး**


**လယ်ဝေး**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဒီဇင်ဘာလ ၂၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ကျင်းပလျက်ရှိသည်။

ထိုသို့မဲပေးရာတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ဆန္ဒမဲပေးကြသည်။

လယ်ဝေးမြို့နယ်၌ ရပ်ကွက်(၇) ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၀ အုပ်စု၌ မဲရုံပေါင်း ၁၅၁ ရုံ ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၃၀၂၃၁ ဦးရှိကြောင်း သိရသည်။

**လယ်ဝေး ခရိုင်(ပြန်/ဆက်)**



# တိုင်းပြည်အနာဂတ်လမ်းဖြောင့်ဖြူးစေမည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

နေပြည်တော်   ဒီဇင်ဘာ   ၂၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ကျင်းပခဲ့ပြီး နိုင်ငံသားတစ်ဦးတာဝန်ကို ကျေပွန်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်-**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool**

ကျွန်တော့်အနေနဲ့ ပထမဆုံးပြောချင်တာက မြန်မာနိုင်ငံကိုရောက်လာပြီး မဲပေးတာကို လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ကျွန်တော်တို့က အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖွဲ့အနေနဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လာတဲ့အချိန် ပထမနေ့မှာပဲ ပြည်သူတွေ



ရုရှားဖက်ဒရေးရှင်းနိုင်ငံဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool



ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos



ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသား လွှတ်တော် အမြဲတမ်းကောင်စီဝင် Mr.Siarhei MIALESHKIN




ကာဇက်စတန်နိုင်ငံရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar









မဲဆန္ဒရှင်ပြည်သူများ

ဘယ်လိုမဲပေးတယ်။ တန်းစီပြီးမဲပေးဖို့ မတ်တတ်ရပ်နေတာတွေမြင်ရတာဟာ တကယ်ကိုပြည်သူတွေက စိတ်ပါဝင်စားစွာ ကိုယ့်ရဲ့အနာဂတ်၊ ကိုယ့်ရဲ့မှန်ကန်တဲ့ အစိုးရကို ရွေးချယ်နေတယ်ဆိုတာကြည့်တာနဲ့ကိုသိနိုင်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း လာရောက်စစ်ဆေးကြပ်မတ်နေတာကိုတွေ့ရတယ်။ မကြာသေးခင်ကလည်း လာရောက်နှုတ်ဆက်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာပြည်သူတွေရော နိုင်ငံ့ခေါင်းဆောင်တွေပါ မဲပေးတာကိုကြည့်ခြင်းအားဖြင့် တကယ်ကို စိတ်ဝင်တစားစိတ်အားထက်သန်စွာ ပြုလုပ်နေကြတာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲအမြင်ကို ပြောရမယ်ဆိုရင်မဲရုံကိုရောက်လာတဲ့ပြည်သူတွေဟာ သူတို့ရဲ့ မှန်ကန်တဲ့အစိုးရ၊ မှန်ကန်တဲ့ ခေါင်းဆောင် ရွေးချယ်မှုကို ပြုလုပ်နေကြတာဖြစ်ပါတယ်။ ဒီအတွက်လည်း သူတို့လျှို့ဝှက်စွာ ဆန္ဒမဲပေးနေတာကို တွေ့ရပါတယ်။ ကောင်းကောင်းမွန်မွန် စီစဉ်ထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ယခုလို ပုံစံမျိုးပဲဖြစ်ပါတယ်။ ဒါဟာစစ်မှန်တဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပါလိမ့်မယ်။ စစ်မှန်တဲ့အစိုးရတစ်ရပ် ထွက်ပေါ်လာမယ်ဆိုတာကို ကျွန်တော်လုံးဝယုံကြည်ပါတယ်။ ကျွန်တော်အခုမြင်တာကို ပြောရမယ်ဆိုရင် ပါတီအများကြီး ဝင်ရောက်ယှဉ်ပြိုင်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ပါတီအများကြီးရဲ့ မူဝါဒတွေအပေါ်မှာပြည်သူတွေကလည်း သူတို့နဲ့ ကိုက်ညီတဲ့ပါတီကို မဲပေးဆုံးဖြတ်တာဖြစ်ပါတယ်။ ဒီလိုစနစ်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုသွားမယ်ဆိုရင်အလွန်ကောင်းမွန်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ ပြည်သူတွေ ယခုလိုမျိုး စိတ်အားထက်သန်စွာ မဲပေးနေတာဟာ ကိုယ့်ရဲ့နိုင်ငံမှန်ကန်ကောင်းမွန်အောင် ဖြစ်ပေါ်လာစေတယ်ဆိုတာကို ကျွန်တော်တို့ကောင်းကောင်းသိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြောရမယ်ဆိုရင် ရွေးကောက်ပွဲအောင်မြင်အောင်ကြိုးပမ်းပြီးတော့ပြုလုပ်နေတယ်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ရွေးကောက်ပွဲအပေါ်မှာ စိတ်အားထက်သန်စွာ ကျင်းပပေးတဲ့အတွက် မကြာခင်မှာ ရွေးကောက်ပွဲပြီးသွားမယ်။ ပါလီမန် အသစ်ပေါ်လာမယ်။ ပါလီမန်ကနေပြီးတော့အစိုးရဖွဲ့မယ်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်မယ်။ ဒီလိုအစီအစဉ်တွေဆက်ပြီးတော့ လုပ်ဆောင်ပါမယ်။ ပြည်သူတွေက သူတို့ရွေးချယ်ခဲ့တဲ့ ပါတီမှန်ကန်မှုရှိ၊ မရှိဆိုတာ သူတို့သိရပါလိမ့်မယ်။ ယခုလိုမျိုးရွေးကောက်ပွဲ ပြုလုပ်တာဟာ အဓိကအားဖြင့် ဖြစ်ပေါ်လာမယ့်အစိုးရအသစ်က နိုင်ငံရဲ့တည်ငြိမ်မှုကို ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဒီကနေတစ်ဆင့် ထပ်ပြီးတော့သွားရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလုပ်နိုင်ပါလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာ သံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos**

ကျွန်တော်က ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ အခြေစိုက်မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာ သံအမတ်ကြီး H.E.Mr.Mario Jose Armengol Campos ဖြစ်ပါတယ်။ အဓိကကတော့ ပထမအနေနဲ့ပြောရမယ်ဆိုရင် မြန်မာနိုင်ငံကိုလာရောက်ပြီး အခုလိုမျိုး လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ လေ့လာကြည့်တဲ့အခါမှာလည်း မြန်မာနိုင်ငံမှာ ပြည်သူလူထုအနေနဲ့လုံခြုံစွာမဲပေးနေတာကိုသိရတယ်။ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဆန္ဒအတိုင်းပေးတာကို တွေ့ရတယ်။ Electronic Voting Machine နဲ့ပတ်သက်ပြီး ကောင်းတဲ့ Idea လို့ ကျွန်တော်မြင်ပါတယ်။ ဒီစက်ကိုအသုံးပြုခြင်းအားဖြင့် ပိုမိုလျင်မြန်စွာမဲပေးနိုင်ပြီးတော့ ရလဒ်တွေကိုလည်း ပိုမိုလျင်မြန်စွာရရှိနိုင်မယ်လို့ ထင်ပါတယ်။ ရွေးကောက်ပွဲကျင်းပတာနဲ့ပတ်သက်ပြီး လုံခြုံအောင်မြင်စွာကျင်းပတာကို တွေ့ရပါတယ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသား လွှတ်တော် အမြဲတမ်းကောင်စီဝင် Mr.Siarhei MIALESHKIN**

ကျွန်တော်ကတော့ မဲပေးတာကို လာရောက်ကြည့်ရှုခြင်းဖြစ်ပါတယ်။ ယခုလိုမျိုး လိုက်ပြီးကြည့်လိုက်တဲ့ အချိန်မှာ အကုန်လုံးလာရောက်ပြီးမဲပေးကြတဲ့လူတွေအကုန်လုံးကလည်း စနစ်တကျရှိကြပါတယ်။ စိတ်ဝင်တစားနဲ့ လာရောက်ပြီးမဲပေးကြတာကိုတွေ့ရပါတယ်။ ဆောင်ရွက်ပေးတဲ့သူတွေ အကုန်လုံးကလည်း ဥပဒေအတိုင်းအကုန်လုံး လိုက်နာပြီး ဘာမှအနှောင့်အယှက်မရှိဘဲ စီစဉ်ဆောင်ရွက်တာကိုတွေ့ရတော့ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ခြုံပြီးပြောရလို့ရှိရင် မဲပေးဖို့စီစဉ်သူရော၊ လာရောက်ပြီးမဲပေးသူတွေအားလုံးက အကုန်လုံး အဆင်ပြေပါတယ်။ အကုန်လုံးကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း လိုက်နာပေးကြတာကိုတွေ့ရပါတယ်။

**ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar**

ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ ကျွန်တော်တို့ လေ့လာတွေ့ရှိရတာကတော့ ဒီရွေးကောက်ပွဲကို အကောင်းဆုံးစီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ မဲဆန္ဒပေးတဲ့သူတွေထဲမှာ လူငယ်တွေအများအပြားတွေ့ရပါတယ်။ ဒါဟာ အရမ်းကိုကောင်းမွန်တဲ့အချက်ပါ။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကော်မရှင်က ကျွန်တော်တို့ကိုရွေးကောက်ပွဲမှာ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ Electronic Voting Machine မဲပေးစက်ကိုပြသခဲ့ပါတယ်။ ဒီမဲပေးစက်ကို ထိထိရောက်ရောက် အသုံးပြုတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်ထပ်တစ်ခုက မဲရုံတွေမှာ အေးအေးဆေးဆေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ပြည်သူတွေမဲပေးလို့ရနိုင်တဲ့ အခြေအနေလုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။

**မဲဆန္ဒရှင်ပြည်သူ**

ကျွန်မက ပထမဆုံးမဲပေးတာဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ အရမ်းလည်း ကျေနပ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကျေပွန်သွားပြီလို့လည်းခံစားမိပါတယ်။ ကျွန်မတို့ လူငယ်တွေအတွက် အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ဘယ်သူပဲရရပေါ့နော်။ နိုင်ငံအတွက်ကိုလည်း အများကြီးအကျိုးပြုမယ့်လူကို မျှော်လင့်မိပါတယ်။

**မဲဆန္ဒရှင်ပြည်သူ**

ကျွန်မက ပျဉ်းမနားမြို့ကလာပြီး မဲပေးတာပါ။ ပထမဆုံးမဲပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မလိုပဲ မဲပေးပိုင်ခွင့်ရှိတဲ့ လူငယ်တွေအားလုံး မဲလာပေးပါလို့ နှိုးဆော်အပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူ**

MEVM စက်နဲ့ပေးတဲ့အတွက်ကြောင့် ပိုပြီးတိကျတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို တစ်ခါတည်း နှိပ်လိုက်တာနဲ့ လွယ်လွယ်ကူကူတိကျတဲ့ အဖြေရတယ်ပေါ့နော်။ အဲဒါကြောင့် လွယ်ကူတယ်လို့ ပြောတာပါ။ ကျွန်မက ဗမာဆိုတော့ သုံးမျိုးပဲပေးခဲ့ရပါတယ်။ ကျွန်မတို့ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကောင်းဆုံးပေးဆပ်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို မဲပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တာဝန်ကျေတယ်လို့ခံစားရပါတယ်။

**မဲဆန္ဒရှင်ပြည်သူ**

ကျွန်တော်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာမဲပေးတာ ပထမဆုံးအကြိမ်ပါ။ ဒီလိုမျိုး Privacy တွေလည်းရှိတော့ မဲပေးရတာအဆင်ပြေပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့ လူကိုမဲပေးခဲ့ရလို့ ပျော်ပါတယ်။ ကျွန်တော်တို့မဲပေးပြီးထွက်ပေါ်လာမယ့်အစိုးရက ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက်ရော၊ လူငယ်တွေအတွက်ရော ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုဖော်ဆောင်ပေးမယ်လို့ ယုံကြည်ပါတယ်ခင်ဗျ။ ။

လဲ့ရည်လှိုင်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပ

## မဲဆန္ဒရှင်ပြည်သူများ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်









နေပြည်တော် ဒီဇင်ဘာ ၂၈

"အများယုံကြည် လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့"ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန်ကြေညာထားသည့် မြို့နယ် ၁၀၂ မြို့နယ်၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ သက်ဆိုင်ရာ မဲရုံများတွင် မဲရုံမှူးများနှင့် တာဝန်ရှိသူများက မဲရုံမဖွင့်လှစ်မီ မဲပုံးများအား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအား ပြသ၍ လုံခြုံရေးကြိုးတပ်ဆင်ပြီး နံနက် ၆ နာရီတိတိတွင် မဲရုံမှူးက မဲရုံကိုဖွင့်လှစ်ကြောင်း ကြေညာသည်။



ထို့အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်တွင် မဲမသမာမှုများကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် အသုံးပြုထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)၊ ထိန်းချုပ်စက် (Control Unit) နှင့် ဆန္ဒပြုစက် (Ballot Unit) များအား စစ်ဆေးပြသခြင်းကို ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင်ပြည်သူများသည် နံနက် ၆ နာရီ မတိုင်မီကတည်းက ဆန္ဒမဲပေးရန် သက်ဆိုင်ရာမဲရုံများအလိုက် လာရောက်တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်လှစ်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မဲစာရင်းနံပါတ်များ တိုက်ဆိုင်စိစစ်၍ လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နေရာတို့အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို MEVM စက်အသုံးပြု၍ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

မဲရုံများအလိုက် လာရောက်ဆန္ဒမဲပေးကြသည့်ပြည်သူများ လွတ်လပ်လုံခြုံအေးချမ်းစွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ခြင်းရှိ၊ မရှိကို ပြည်တွင်းပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်စောင့်ကြည့်ကြပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာများကလည်း လွတ်လပ်စွာ သတင်းရယူကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၇၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ယှဉ်ပြိုင်သည့် ပါတီခြောက်ပါတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းတွင် ယှဉ်ပြိုင်သည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စုစုပေါင်း ၉၀၉၈၃၂ ဦးရှိပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ရှစ်နယ်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ် စုစုပေါင်း မဲဆန္ဒနယ် ကိုးနယ်၌ မဲရုံစုစုပေါင်း ၆၂၆ ရုံတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလငါးဦးအပါအဝင် နိုင်ငံရေးပါတီ ခုနစ်ပါတီမှ စုစုပေါင်းကိုယ်စားလှယ်လောင်း ၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၈၅ | ၂၅၀၅ | ၄၅၀၅ | ၂၈၀၀ | ၂၅၂၀ | ၂၆၃၀ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၀ | ၂၈၄၀ |
| 95 Ron | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၅ | ၂၅၃၀ | ၄၅၆၀ | ၂၈၂၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (500 ppm) | ၂၁၄၀ | ၂၂၅၅ | ၂၂၂၀ | ၂၁၅၅ | ၂၂၆၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၁၅ | - | ၂၅၀၅ | ၂၂၃၀ | ၂၇၇၅ | ၂၃၀၀ | ၂၂၆၅ | ၂၂၉၀ | ၂၅၄၅ |
| HSD (50 ppm) | ၂၅၈၅ | ၂၆၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၈၃၀ | ၂၉၄၅ | ၂၆၇၀ | ၂၇၉၀ | ၂၇၄၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | - | ၂၉၄၅ | ၂၆၇၀ | ၂၇၉၀ | ၂၇၄၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၅၉ |
| 95 Ron | ၂၃၀၅ | ၂၃၈၅ |
| HSD (500 ppm) | ၁၉၉၇ | ၂၀၆၇ |
| HSD (50 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (10 ppm) | ၂၄၂၄ | ၂၅၀၂ |

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို မြို့နယ်ပေါင်း (၁၀၂)မြို့နယ်၌ ကျင်းပပြုလုပ်


မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆန္ဒမဲပေးစဉ်။


တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆန္ဒမဲပေးစဉ်။


အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ် မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။


အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ဆန္ဒမဲပေးစဉ်။


မုံရွာမြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။


စစ်တွေမြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။


မိုင်းဆတ်မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။


မြိတ်မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။


ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။


တာချီလိတ်တပ်နယ်ရှိ မဲရုံ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း (၁၀၂)မြို့နယ် အတွင်းသတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)အနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီ(၈)မြို့နယ်အတွင်း၌ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့်တပ်ကုန်းမြို့နယ်မဲရုံများတွင်လာရောက်ဆန္ဒမဲပေးလျက်ရှိကြသည့်မြင်ကွင်းကိုတွေ့မြင်ရမည်ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်တွင်(၆) မြို့နယ်၊ ကယားပြည်နယ်တွင်(၂)မြို့နယ်၊ ကရင်ပြည်နယ်တွင်(၃)မြို့နယ်၊ ချင်းပြည်နယ်တွင်(၂)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၂)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၄)မြို့နယ်၊ **စာမျက်နှာ ၁၃ သို့ ♦**



ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မင်္ဂလာဒုံမြို့နယ် ရဲစုတောင်ရပ်ကွက်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဇမ္ဗူသီရိမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပျဉ်းမနားမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဒက္ခိဏသီရိမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပုဗ္ဗသီရိမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



လယ်ဝေးမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



တပ်ကုန်းမြို့နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။

♦ **စာမျက်နှာ ၁၂ မှအဆက်**

ပဲခူးတိုင်းဒေသကြီးတွင် (၈)မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် (၉)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၈)မြို့နယ်၊ မွန်ပြည်နယ်တွင် (၅)မြို့နယ်၊ ရခိုင်ပြည်နယ်တွင်(၃)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂)မြို့နယ်၊ ရှမ်းပြည်နယ်တွင်(၁၂)မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင်(၈)မြို့နယ်၊စုစုပေါင်းမြို့နယ်ပေါင်း(၁၀၂) မြို့နယ်၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆန္ဒမဲပေးခြင်းများကိုသက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက စနစ်တကျဖြင့် ဆန္ဒမဲပေးခြင်းများဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း

**စာမျက်နှာ ၁၄ သို့** ♦

**♦ စာမျက်နှာ ၁၃ မှအဆက်**

♦ စာမျက်နှာ ၁၃ မှအဆက်

သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ မဲရုံများတွင်လည်း နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရုံး/ဌာနများအသီးသီးမှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပမှုနဲ့ ပတ်သက်၍ မဲရုံအသီးသီးတွင်လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများရဲ့ ရင်တွင်းစကားသံများကိုလည်း အခုလိုကြားသိရပါတယ်-

"ကျွန်မတို့နိုင်ငံ ဒီထက်ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုလိုမျိုး





လာရောက်ပြီးတော့ မဲပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို ပေးချင်လို့လည်း အချိန်ပေးပြီးတော့ လာရောက်မဲပေးတာဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် ကျွန်မတို့လျှောက်လှမ်းနေတဲ့အပေါ်မှာလည်း ကောင်းမွန်တဲ့ လမ်းကြောင်းတစ်ခုလို့မြင်ပါတယ်၊ ဒီ MEVM မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အချိန်ကုန်သက်သာတယ်။ မြန်မြန်ဆန်ဆန်ဖြစ်တယ်။



စာရေးဖို့ အဆင်မပြေတဲ့သူတွေအတွက်လည်း အဆင်ပြေပါတယ်။ ပြီးတော့ ရလဒ်လည်း မြန်မြန်ဆန်ဆန်နဲ့ တိတိကျကျ ထွက်တာပေါ့"ဟုပြောသည်။

"မဲလာပေးရတာ အဆင်ပြေမှုရှိပါတယ်၊ အရင်တုန်းကတော့ စာရွက်ပေါ်မှာ အမှန်ခြစ်ခြစ်တဲ့အတွက် တချို့အမှန်ခြစ်ကို မခြစ်တတ်တဲ့သူတွေရှိတော့ ပယ်မဲတွေလည်း များပါတယ်။ အခုကျတော့ ကိုယ်ကြိုက်တဲ့ပါတီကို စက်ခလုတ်နှိပ်ရတဲ့အတွက် အဆင်ပြေမှုအများကြီးရှိပါတယ်"ဟုပြောသည်။

"အခုလိုမျိုး လွတ်လွတ်လပ်လပ်နဲ့မဲပေးရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ပြည်သူလူထုက ဝိုင်းပြီးတင်မြှောက်တဲ့ အစိုးရတစ်ရပ် ပေါ်လာမယ်ဆိုတော့ ဝမ်းသာပါတယ်"ဟုပြောသည်။

"ကျွန်မတို့က အခုမှစပြီးတော့ မဲပေးရတဲ့



အတွက် နည်းနည်းတော့ စိတ်လှုပ်ရှားမှုတော့ဖြစ်မိပါတယ်။ ဒါပေမဲ့ လုံလုံခြုံခြုံနဲ့ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းကိုမဲပေးရတဲ့အတွက်တော့ စိတ်ထဲမှာ ကျေနပ်အားရဝမ်းသာပီတိဖြစ်မိပါတယ်"ဟုပြောသည်။

"မဲပေးရတာ အရင်ကထက်စာရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ ပြီးတော့ အရမ်းလည်း လွယ်လွယ်ကူကူလျင်လျင်မြန်မြန် မဲပေးလို့ရတဲ့အတွက် အကြာကြီး တန်းစီစရာလည်း မလိုတော့ဘူး။ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ ယုံကြည်မှုကတော့ရှိပါတယ်။ အရင်ကထက်ပိုပြီးတော့ လုံခြုံမှုလည်းရှိတယ်။ လွယ်လွယ်ကူကူလည်း မဲပေးရတဲ့အတွက် အရင်ကထက် ပိုပြီးတော့ အဆင်ပြေပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလိုမဲပေးခွင့်ရတဲ့အတွက်လည်း အရမ်းကို ပျော်ပါ



တယ်"ဟုပြောသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကိုပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့်ရွေးကောက်ပွဲလာရောက်စောင့်ကြည့်လေ့လာကြတဲ့ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူလျက်ရှိသည်။ (၁၀၀)



ဘောလခဲ မြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



လွိုင်ကော် မြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပုသိမ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မူဆယ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



နောင်ချိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မော်လမြိုင်မြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိ မြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

**❖ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာကြည့်လိုက်ရင် သိလိမ့်မယ်။ ကျွန်တော်တို့က လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ရွေးကောက်ပွဲဖြစ်မယ်လို့အာမခံထားတယ်။ တပ်မတော်ကလုပ်တာ နာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ အကြီးအကျယ်နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလည်း အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လည်း မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့တဲ့သူ၊ ကျွန်တော်သိပါတယ်။ တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေထိရောက်သွားတာပဲဖြစ်တယ် . . .**


☆ စာမျက်နှာ ၁၇ မှအဆက်

**မေး။ ။မဲပေးသင့်/ မပေးသင့် တွေဝေနေတဲ့ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ပေးသင့်တာပေါ့။ ပါတီစုံဒီမိုကရေစီစနစ် လက်ခံတယ်လို့ပြောထားရင် ဒီမိုကရေစီရဲ့ အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်။ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်။ ကြိုက်ရင်ကြိုက်မယ်။ မကြိုက်ရင် မကြိုက်ဘူး။ ကိုယ်မကြိုက်တဲ့လူကို မပေးနဲ့ပေါ့။ ကြိုက်တဲ့လူကိုပေးပေါ့။ အဲဒီအထဲမှာ Choice ဆိုတာရှိပါတယ်။ တချို့ပါတီတွေ၊ တချို့နေရာတွေကျလည်း Choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လည်း Choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး။ ရတာပဲ။ ဒါကပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမဲ့ မပေးဘူးဆိုလို့ရှိရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ကျွန်တော် ယူဆလို့ရတာပေါ့။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒမဲပေးနေမှုများအား လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ရင်တွင်းစကားသံများ



ဦးကျော်သန်းထွန်း



ဒေါ်ချောစုကြည်



ဦးမင်းဟန်ကျော်



ဒေါ်မော်မော်စန်း

မန္တလေး ဒီဇင်ဘာ ၂၈

တိုင်းဒေသကြီးအတွင်းရှိပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက “ အရင်ရက်တွေမှာတော့ ကြိုတင်မဲပေးတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျနဲ့ အောင်မြင်စွာ ဆောင်ရွက်ပြီးပါပြီ။ ဒီနေ့ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးချမ်းသာစွာမဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မလွဲမသွေဖြတ်သန်းရတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံသားအားလုံးအနေနဲ့ ရွေးကောက်ပွဲကြီးအောင်မြင်ဖို့အတွက် အသည်းကြားက မဲတစ်ပြားကိုသက်ဆိုင်ရာ လွှတ်တော်များအလိုက် ပေးကြစေလိုပါတယ် ” ဟုပြောသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံမှူးတာဝန်ထမ်းဆောင်နေသည့် ဒေါ်ချောစုကြည်ကလည်း “ ကျွန်မတို့ မဲရုံကတော့ မဲရုံအမှတ်(၁) ဖြစ်ပါတယ်။ မဲရုံတာဝန်ကျသူ ၁၂ ဦးရှိပါတယ်။ မဲရုံကြိုတင်မှုတွေအနေနဲ့ စက်ပိုင်းဆိုင်ရာ၊ မီးဘေး၊ လုံခြုံရေးအားလုံးကို ပြင်ဆင်ထားပါတယ်။ မဲပေးစက်အနေနဲ့လည်း ၄ လုံး ပြင်ဆင်ထားပါတယ်။ ကျွန်မတို့မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၇၂ ဦးရှိပါတယ်။ ကြိုတင်မဲကတော့ ၆၁ ဦးရှိပါတယ်။ ကျွန်မတို့မဲရုံမှာ ပြည်သူတွေ စိတ်ချမ်းသာစွာမဲပေးနိုင်ဖို့ စီစဉ်ထားတဲ့အတွက် မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်” ဟုပြောသည်။

မဲလာရောက်ပေးသည့် အောင်မြေသာစံမြို့နယ်မှ ဦးမင်းဟန်ကျော်က “ အခုလို မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်။ ယခင်ကလည်း မဲပေးခဲ့ဖူးပါတယ်။ အရင်ကထက်စာရင် အခုလို စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ပိုပြီးရှင်းလင်းလွယ်ကူမြန်ဆန်ပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးတဲ့သူတွေ အခက်အခဲမရှိအောင် လိုအပ်တာတွေကို လိုက်လံရှင်းလင်းပြသပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့သူတွေကလည်း အရင်ကတည်းက သူတို့ဆောင်ရွက်ပေးမယ့် အရာတွေကို ပြည်သူလူထုသိရှိအောင် ပြောထားပြီးသားဖြစ်တဲ့အတွက် ပြောထားတဲ့အတိုင်း လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်” ဟုပြောသည်။

မဲလာရောက်ပေးသည့် ဒေါ်မော်မော်စန်းကလည်း “ဒီနေ့မဲပေးရတာ အလွန်ကို အဆင်ပြေချောမွေ့ပါတယ်။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးပြီးပြီဆိုတော့ နိုင်ငံသားတစ်ယောက်တာဝန်ကျေပွန်သွားပြီလို့ ခံစားရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ပေးရတဲ့အပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိပါတယ်။ ကျွန်မရဲ့အသက် ၅၅ နှစ်မှာ မဲထပ်ပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်”ဟုပြောသည်။

**မောင်အေးချမ်း**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကိုပြန်လည်ဖြေကြားစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ် (၁)၌ ပါဝင်ဆန္ဒမဲပေးကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

မေးမြန်းဖြေကြားမှုအပြည့်အစုံမှာ-

**မေး။ ။ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကို ဘာသတင်းစကားများပါးချင်ပါသလဲ။**

**ဖြေ။** ။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာကြည့်လိုက်ရင်သိလိမ့်မယ်။ နောက်ပြီးမဲပေးဖို့အတွက် ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေါ့။ အဲဒီမှာ ပါတီတွေရဲ့ လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင်လည်း တွေ့ပါလိမ့်မယ်။ ဒီနေ့မဲပေးတဲ့အခါမှာလည်း မဲပေးပြီး ညနေကျရင်လည်း အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင် ပြောလို့ရတာပေ့ါ။ ကျွန်တော်တို့က လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ အာမခံထားတယ်။ တပ်မတော်က လုပ်တာနာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အကြီးအကျယ်နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလည်း အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လည်း မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့တဲ့သူ၊ ကျွန်တော်သိပါတယ်။ တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့ အတွက်ကြောင့် ဒီအခြေအနေထိ ရောက်သွားတာပဲဖြစ်တယ်။ ဒါကြောင့် ပြီးတဲ့ အချိန်ကျလို့ရှိရင် ကြည့်ပါလို့ ကျွန်တော် ပြောချင်တယ်။ ဒါပေမဲ့ ဒီနေ့တစ်ကြိမ်၊ ပြီးရင် လာမယ့်ဇန်နဝါရီလ ၁၁ ရက်မှာ တစ်ကြိမ်၊ ဇန်နဝါရီလ ၂၅ ရက်မှာ တစ်ကြိမ် သုံးကြိမ်ပေးမယ်။ အဲဒီမှာ ကြည့်ပါ။ အဲဒါပြီးမှ ပြောပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်မှူးကြီးရဲ့ နိုင်ငံရေး ရည်မှန်းချက်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။ ရွေးကောက်ပွဲအလွန် အခင်းအကျင်းမှာ ဘယ်လိုစဉ်းစားထားပါသလဲ။ သမ္မတ လုပ်မှာလားခင်ဗျ။**

**ဖြေ။** ။ ကျွန်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံ့ဝန်ထမ်း။ ကျွန်တော် ဘာမှတော်ရုံတန်ရုံသွားပြီးတော့ မလုပ်ချင်ပါတယ်၊ပြုချင်ပါတယ်လို့သွားပြောလို့မရဘူး။ နိုင်ငံရေးပါတီခေါင်းဆောင်လည်း မဟုတ်ဘူး။ ပြီးတော့ လွှတ်တော်ခေါ်တဲ့ အခါကျမှ လွှတ်တော်ကနေပြီး သမ္မတ ရွေးချယ်ရေးနဲ့ပတ်သက်တဲ့ Process တွေရှိပါတယ်။ အဲ့ဒီကျမှ သူတို့လုပ်ပါလိမ့်မယ်။ အဲဒီကျမှသာ ကျွန်တော်တို့ ပြောဖို့သင့်မယ်လို့ ယူဆပါတယ်။ **စာမျက်နှာ ၁၅ သို့** ✭

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Republic of the Union of Myanmar holds 2025 Multi-party Democracy General Election; Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing casts vote

NAY PYI TAW December 28

The 2025 Multi-party Democracy General Election of the Republic of the Union of Myanmar began at 6 am today in the entire country, and all voters went to the polls.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC Secretary General Ye Win Oo and wife, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, senior military officers from the Office of the Commander-in-Chief and wives, officers, other ranks and families, cast vote at the No 1 Polling Station in Anawratha Ward, Zeyathiri Township, Nay Pyi Taw Council Area.

After the Senior General had cast the vote, he answered the questions raised by local and foreign news media gathering



Senior General Min Aung Hlaing answers the questions of the news media.



news information at the polling station.

**Q: As a leading person in organizing the election, how much can you guarantee its freeness and fairness, and what's your message for the people?**

**A:** Today's voting process stands witness to the freeness and fairness of the election. Moreover, there is the preliminary period or the post-election period, and the activities of parties, functions of administrative bodies and the Election Commission during the time show that the election is free and fair. Voices may come out in the evening after the completion of today's voting process, right? Then you can make a judgement on the election. I have guaranteed the election will be free and fair. a free and fair election. It's the work of the Tatmadaw, and the Tatmadaw won't let its reputation be harmed. The 2020 election was a total disgrace as what happened then was really terrible. Internationally, the incident was so horrible

Senior General Min Aung Hlaing casts a vote through Myanmar Electronic Voting Machine (MEVM).

See Page - 22 ▸▸



Dignitaries casting vote at a polling station.



Dignitaries casting vote at a polling station.

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing inspects Nay Pyi Taw Railway Station



Senior General Min Aung Hlaing hears a report on functions of Nay Pyi Taw Railway Station.

NAY PYI TAW December 28

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by Secretary of the Commission General Ye Win Oo and officials, inspected the Nay Pyi Taw Railway Station this morning.

First, the Senior General and party were welcomed by officials. The Senior General viewed round the diesel-electric multiple unit (DEMU) down train at the station from which it would depart from Nay Pyi Taw to Yangon, and functions of the railway station. After hearing the reports of officials, the Senior General gave guidance on needs to upgrade the platform of the railway station, tidiness and beautification in the yard of the station, systematic movements of staff and passengers, safety measures and other necessary instructions.

The Senior General visited Pobbathiri Township in a motor-cade to view round beautification process and urban development initiatives. **100**

## Phase 1 of the 2025 Multi-party Democracy General Election held in 102 townships

NAY PYI TAW December 28

Starting from 6 am today, Phase 1 of the 2025 Multi-party Democracy General Election of the Republic of the Union of Myanmar was held simultaneously at the polling stations in 102 townships of the respective regions and states.

The scene of union level dignitaries and eligible voters going to the polls in eight townships — Zeyathriri, Pobbathiri, Zabuthiri, Pyinmana, Leway, Ottarathiri, Dekkhinathiri and Tatkon – of Nay Pyi Taw Council Area could be seen today at the phase 1 of the 2025 Multi-party Democracy General Election.

Likewise, the phase 1 of the election was held in six townships in Kachin State, two townships in Kayah State, three townships in Kayin State, two townships in Chin State, 12 townships in Sagaing Region, four townships in Taninthati Region, eight townships in Bago Region, nine townships in Magway Region, eight townships in Mandalay Region, five townships in Mon State, three townships in Rakhine State, 12 townships in Yangon Region, 12 townships in Shan State and eight townships in Ayeyawady Region, totalling 102 townships. Local nationalities were casting votes with Myanmar Electronic Voting Machine (MEVM) in those townships.

Local people from the regions and states were systematically casting votes, and military officers, other ranks and families of the military command HQs in regions and states were also doing the same at the respective polling stations systematically.

As for the voters to freely, peacefully and conveniently go to the polls, cars and medical teams were stationed and security measures, taken at the polling stations in advance.

As soon as the polling booths in the compound of the Office of the Commander-in-Chief (Army) were opened at 6 am, senior military officers, and officers, other ranks and families of the Office and respective branches and departments went to the polls systematically.

After the polling had completed, presiding officers and members took out the results of the control units and systematically counted all the votes including advanced votes in the presence of the representatives of political parties and election observers.

The voices that came out from the people at the polling stations in connection with the election are as follows:

**1. Hmawbi Township (Female)**

I hope our country will be-

**See Page - 20●●**



Voters patiently wait for their turn at a polling station.



A voter uses a Myanmar Electronic Voting Machine (MEVM).



A queue of voters waiting for their turn.

## Farmers to cultivate more than 12,000 acres of wheat in Monywa District

MONYWA December 28

Monywa District Agriculture Department of Sagaing Region stated that local farmers will grow more than 12,000 acres of wheat in the district in the cold season this year.

For the 2025–2026 winter crop season, a total of 12,921 acres of wheat are planned to be cultivated in Monywa District, with the distribution as follows: Monywa Township – 250 acres, Budalin Township – 453 acres, Ayadaw Township – 18 acres, and ChaungU Township – 12,200 acres.

Daw San San Myint, Head of the Monywa District Agriculture Department, said: "This year, over 12,000 acres of wheat are planned for cultivation in Monywa District during the winter crop season. Efforts will be made to meet the target acreage. We will conduct awareness sessions for farmers regarding wheat cultivation. To increase yields, irrigation and proper fertilization will be carried out, along with weeding. We will also encourage the use of quality, pure seed varieties to boost production."

In Monywa District, efforts are being made to ensure that all winter crops are cultivated to meet the planned acreage, to increase wheat yields and quality, to promote systematic cultivation of high-quality wheat, and to reduce pest risks.

The cost of cultivating one acre of wheat is estimated at around Ks-300,000, and each acre produces about 21 baskets of wheat.

Wheat is cultivated in October, November, and December, and harvested in February, March, and April. In Sagaing Township, white wheat varieties are grown the most.

In addition, respective township agriculture departments in Monywa District are providing training courses for farmers to help increase wheat yields, facilitate access to quality and pure seeds, and supply urea fertilizers at reasonable prices.

**SMK**

# 515 illegal buildings used for online scams demolished in KK Park area Items used in online fraudulent gambling operations continue to be systematically incinerated and destroyed

NAY PYI TAW December 28


The Myanmar government is conducting operations to clear illegal buildings in the Shwe Kokko and KK Park areas, which have been primary hubs for online scamming and gambling. A joint task force—comprising security forces, administrative bodies, and local authorities—is systematically demolishing illegal structures and destroying seized equipment used in these operations. It is reported that an additional 6 illegal buildings in the KK Park area were demolished today.

In today's operations within the Myawady-Maehtawthalay (KK Park) Phase (3) area, authorities demolished three 4-storey illegal buildings, two 2-storey buildings and one warehouse. With these 6 additional structures leveled, a total of 515 out of 635 illegal buildings in the KK Park area have now been systematically demolished.

Furthermore, for buildings where heavy machinery had already completed initial demolition, authorities have been using air and thermal cutting equipment since December 14 to ensure total destruction. Today, five 2-storey buildings were further dismantled using this method, bringing the total number of buildings 100 percent destroyed to 66.


Additionally, equipment used in online scamming and gambling within the KK Park and Shwe Kokko areas was systematically incinerated today to prevent any future reuse. The Government has declared the eradication of online fraudulent gambling a national duty. To ensure that such activities can no longer be based within Myanmar, the government will continue to coordinate with domestic forces as well as neighbouring governments. **100**

Before demolition After demolition



Demolition of illegally constructed two-storey residential buildings in KK Park area (Section 3).

Before demolition After demolition



An illegally constructed two-storey residential buildings in KK Park area (Section 3) using incendiary methods.

●● From Page - 19

come much better than this. I feel joyful and satisfied to have come and cast my vote like this. I've dedicated my time to come here specifically because I wanted to vote. I view our journey on the path of democracy as a positive direction. Voting with this MEVM (Myanmar Electronic Voting Machine) saves time and is very fast. It's convenient for those who have difficulty writing. Moreover, the results come out quickly and accurately.

**2. Taunggyi Township (Female)**

I'm comfortable coming to vote here. In the past, because we had to tick a mark on paper, there were many rejected votes since some people didn't know how to mark it correctly. Now, it's very convenient because you just have to press the button for the party you like. It's clear that the transition to the MEVM system is addressing previous concerns regarding ballot errors and accessibility for voters in Taunggyi Township.

**3. Taunggyi Township (Male)**

I'm happy to be able to vote freely like this. Moreover, I'm glad that a government elected by the people will emerge. His statement reflects the public's positive sentiment toward the democratic process and the anticipation of a representative government.

**4. Taunggyi Township (Female)**

Since I'm voting for the first time, I'm feeling a little excited. However, I feel satisfied, joyful, and happy in my heart because I can vote for the candidate I like in a secure environment. This highlights the emotional significance and the sense of safety provided during the electoral process for new voters in Taunggyi Township.

**5. Taunggyi Township (Female)**

Voting is much more convenient than before. Moreover, because I can vote very easily and quickly, I don't have to wait in line for a long time anymore. It's convenient. There're no difficulties. I've confidence in it. It's more secure than before. Since it's so easy to vote, it's more convenient than in the past. As a citizen, I'm very happy to have the opportunity to vote like this.

Local and foreign news media and international election observers witnessed and gathered news on voters freely casting votes at the election today. **100**



Photo shows a polling station crowded with voters.



Taunggyi Township



Taunggyi Township



Hmawbi Township



Taunggyi Township



Taunggyi Township

# A free and fair multi-party democratic general election that will pave the way for the nation's future



Mr. Yerman Mukhtar



H.E. Mr. Sholban Kara-Ool



Mr. Alexey Bashan



H.E. Mr. Mario Jose Armengol Campos

Phase I of the 2025 multi-party democratic general election was held this morning in the respective areas, and the following are the voices and remarks of voters who fulfilled their civic duty and of international election observers.

**Mr. Yerman Mukhtar**
**Deputy Chairman of Election Commission of Kazkhstan**

I am Mr. Yerman Mukhtar, Deputy Chairman of the Election Commission of the Republic of Kazakhstan. First of all, I would like to express my pride and pleasure that the election is being held. From our observations, we have seen that this election has been organized very well. Among the voters, we noticed a large number of young people, which is a very positive sign. The Union Election Commission showed us the electronic voting machines manufactured in Myanmar that are being used in the election. We have also observed that these voting machines are being used effectively. In addition, we saw that conditions have been created at polling stations to allow the public to vote calmly and peacefully.

**H.E. Mr. Sholban Kara-Ool**
**Deputy Chairman of the State Duma of the Russian Federation**

First of all, I would like to express my gratitude for the opportunity to come to Myanmar and observe the voting process. We are here as part of an international election observation group. From the very first day of our arrival, we were able to see how the public votes—how people stand in line waiting to cast their ballots. From this alone, it is clear that the people are actively and genuinely choosing their future and a legitimate government. We also observed the Chairman of the State Security and Peace Commission, Senior General Min Aung Hlaing, coming to inspect and supervise the process, and he recently greeted us as well. This shows that both the people of Myanmar and the country's leaders are taking the voting process with great interest and enthusiasm. In terms of my overall view of Myanmar's election, the people who come to the polling stations are making choices for a legitimate government and rightful leaders. We can also see that they are casting their votes secretly. The arrangements appear to be well organized. It is the same type of process we have in our own country. This will be a genuine election, and I firmly believe that a legitimate government will emerge. From what I have observed, we can see that many parties are competing in the election. The people are deciding to vote for the parties whose policies align with their interests. If this system continues, it represents a very good path for democracy. The enthusiasm of the voters shows that they are working to ensure their country develops in the right and proper way. From our perspective, the election is being carried out with great effort to ensure its success. Senior General Min Aung Hlaing is also actively supporting the conduct of the election. Soon, the election will conclude, a new parliament will be formed, and the government will be organized through the parliament. The President will be elected, and these plans will continue to be implemented. Through this process, the people will know whether the party they chose is legitimate. Conducting the election in this manner primarily ensures that the new government can maintain the stability of the country. From there, it can further lead to the nation's development and progress, which I strongly believe will be possible.

**H.E. Mr. Mario Jose Armengol Campos**
**Vietnam-based Nicaraguan Ambassador to Myanmar**

I am H.E. Mr. Mario Jose Armengol Campos, Ambassador of Nicaragua to Myanmar, based in Vietnam. First of all, I would like to express my pleasure and honour for having the opportunity to come to Myanmar and observe the process in this way. From our observations, we can see that the public in Myanmar is voting safely, freely, and according to their own wishes. Regarding the Myanmar Electronic Voting Machines, I think it is a good idea. Using these machines allows for faster voting and enables results to be obtained more quickly. We have also observed that the election is being conducted securely and successfully.

**Mr. Alexey Bashan, Vice-Chairman of the Central Election Commission of the Republic of Belarus**

"I am here to observe the voting process. During my observation, I have noted that everyone coming to vote is doing so in an orderly manner. It is clear that people are participating with great interest. I am pleased to see that those managing the process are following the law strictly and organizing everything without any disruptions. Overall, both the organizers and the voters are doing well, and I can see that everyone is adhering to the prescribed rules and regulations."

1. "Since this is my first time voting, I feel very excited. I am also deeply satisfied and feel like I have fulfilled my duty as a citizen. I have high hopes for a good leader who will benefit our youth. No matter who wins, I hope for someone who will contribute greatly to the country."

2."I came from Pyinmana to vote. This is my first time casting a ballot. I want to encourage all young people who have the right to vote to come out and do so for the development and progress of our nation."

3."Using the MEVM machine makes the process more accurate. It's easy and precise—you just press the button for the party you want and get an immediate result. As a Bamar, I had to cast three types of votes. I voted for the parliamentary representatives who I believe will serve our country and nation best. I feel that I have fulfilled my responsibility today."

4. "This is my first time voting in the 2025 General Election. The process is convenient because there is proper privacy. I am happy that I was able to vote for the person of my choice. I believe that the government resulting from our votes will create a better future for both the citizens and the youth."



MWD interviews a voter.



MWD interviews a voter.



MWD interviews a voter.




MWD interviews a voter.



Senior General Min Aung Hlaing observes the voters who are searching their name in the list.



Senior General Min Aung Hlaing observes a polling station together with international observers.



Senior General Min Aung Hlaing cordially converses with a voter at a polling station in Ottarathiri Township.



Senior General Min Aung Hlaing views the voters systematically queuing at a polling station.

▸▸From Page - 18

and shameful. Some ignored the terrible incident. But I know very well as I was the person who examined the whole event. What happened during the election was very appalling. The incident reached to that degree as it cannot be understood in any way. So, I would like to say that everything will be clear at the end of the day. After this phrase, there will be two more, one on 11 January and the other on 25 January. So, make a judgement only after all the phases have completed.

**Q: Senior General, tell me your political vision, please. What is your plan for the post-election landscape? Are you going to be the president?**

**A:** I am the Commander-in-Chief of the Defence Services, and I am just a civil servant. I can't say what I want to do or what I wish. I am not the leader of a political party. The Hluttaw has the process to elect the president during its session. Then the MPs will do their job, and only at that time, it will be appropriate to discuss the issue.

**Q: What's your message for the people who are still undecided whether to vote or not?**

**A:** Definitely, they should vote. If multi-party democracy is accepted, an election, which is its essence, must be held. There must be an election. So, people can express their desires. They don't need to vote for a person they dislike. They can give their yes vote to the one they support or like. They can make their choice, but in some cases, there may be few choices and in others, there can be a lot of choices. They have the right to vote the person in their favour, and that's a given. I can assume that the one who does not vote is a person who does not understand the essence of democracy completely.

Accompanied by the SSPC Secretary and members of the entourage, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing visited the people who were casting votes at the relevant polling stations in Zeyathiri, Pyinmana, Ottarathiri, and Pobbathiri townships, Nay Pyi Taw Council Area, and cordially conversed with them.

The Senior General cordially greeted members of the observer teams from the Russian Federation, the People's Republic of China, Kazakhstan and Belarus, who were observing the voting activities of the voters at Polling Station 2, Ywakauk Ward, Pyinmana Township, and posed for documentary photos with them. **100**



# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဥတုရာသီ တောကိုမှီ၏

**✿ ဥတုရာသီတောကိုမှီ၏ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်သည့်မြေသည် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချသည်။ သို့ဖြစ်၍ တည်ရှိပြီး သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်တောသစ်ပင်များတိုးပွားအောင်ပြုမူခြင်း ဆောင်ရွက်ရပေမည်။**

**✿ ဥတုရာသီသည် တောပြုစုထိန်းသိမ်းရမည့် လူတို့အပေါ် အဓိကတည်မှီပေသည်။ စက်မှုနှင့်နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ကိရိယာများ အလွန်အကျွံအသုံးပြုခြင်း၊ သဘာဝသစ်တောများပြုန်းတီးခြင်း၊ ရုပ်ကြွင်းလောင်စာများ ထုတ်လုပ်သုံးစွဲခြင်း စသည့်လူသားတို့၏ပြုမူချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာကာ ကမ္ဘာကြီးပူနွေးရသည်။ ရာသီဥတုများ ပြောင်းလဲလာရသည်။**

မြန်မာနိုင်ငံ၏ တစ်နှစ်တာကာလ ဆယ့်နှစ်လ ရာသီတွင်နွေ၊မိုး၊ဆောင်းဟူသော ဥတုသုံးပါး အချိုးညီမျှတစွာရှိသည်။ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် လေးလကို ဂိမှာန်နွေဥတု၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လေးလကို ဝဿာန မိုးဥတု၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လေးလကို ဟေမန္တ ဆောင်းဥတုဟုကာလသတ်မှတ်ကြသည်။ ဥတုသုံးလီတွင် ခြောက်သွေ့မှု၊ စိုစွတ်မှု၊ အေးမြမှု တည်းဟူသော ခံစားမှုအရသာကို မြန်မာနိုင်ငံ တစ်ဝန်းမှပြည်သူများ သပ္ပာယမျှတစွာ ခံစားကြရသည်။ ရာသီသုံးလီမှန်ကန်ခြင်းကြောင့် သာယာမွေ့လျော်ဖွယ် ပတ်ဝန်းကျင်နှင့် ကိုယ်စိတ်နှလုံး ကြည်နူးဖွယ်ခံစားမှုများအား ရှေးစာဆိုအကျော်တို့က ရာသီအလိုက် ရေးဖွဲ့သီကုံးမှုများရှိခဲ့သည်။ တေးပြုစာဆိုတို့ကလည်း တေးကဗျာများစပ်ဆိုခံစားကြသည်။ စာရေးသူငယ်စဉ်က နွေ၊ မိုး၊ ဆောင်း ရာသီကာလဆိုင်ရာနှင့်ပတ်သက်၍ ၁၉၈၀ ပြည့်နှစ် မတိုင်မီ တတိယတန်းမြန်မာဖတ်စာတွင် အောက်ဖော်ပြပါ သုံးရာသီကဗျာအားသင်ကြားရင်း အမိမြေရှိ ရာသီဥတုအပေါ် သိရှိခံစားခဲ့ရသည်။

**"သုံးရာသီ"**

❋ **နွေရာသီသဘာဝ**
**စာသလို့ဆိုချင်တယ်။**
**ရွက်ဟောင်းကြွေ မြေမှာခပြန်တော့**
**မှိုင်းပျပျခြယ်။**
**ပွင့်သီဂီဝိတောက်ပန်း**
**နှစ်ဆန်း၌ဖူးတံသွယ်၊**
**မြိုင်လယ်မှာ မြူတွေဆိုင်း။**
**ရှေးရဲ့အစဉ်**
**မွေးစက်ရေသဘင်နဲ့**
**နွေအဝင်သင်္ကြန်ပွဲကို**
**နွှဲကြရပ်တိုင်း။**
❋ **မိုးရာသီသဘာဝ**
**စာသလို့ဆိုချင်တယ်။**
**တို့ရွာမြေ ဌာနေတွင်းမှာ**
**သင်းနံ့စံပယ်။**
**လျှပ်ပန်းခြည်တိမ်ညိုမှိုင်း**
**ဝိုင်းပတ်ပတ်ရှစ်ခွင်နယ်၊**
**လယ်ပြင်၌ ရေတွေများ။**
**မိုးလချိန်ခါ ပျိုးလှညီညီညာနဲ့**
**ပြည်သာအောင်ကောက်ပဲစိုက်ကြတယ်**
**ဖိုးထိုက်စပါး။**
❋ **ဆောင်းရာသီသဘာဝ**
**စာသလို့ဆိုချင်တယ်။**
**ငွေနှင်းရည်ပုလဲစက်**
**ဖျန်းပက်ကျီစယ်။**
**ရွှေသဇင် ဆောင်တော်ကူး**
**ဖူးပွင့်လို့ ချစ်စဖွယ်။**
**ပျို့ရွယ်တို့ ပန်ဆင်မြန်း။**
**ညှာနွဲ့ဟန်ပန်**
**ဝါလှဲ့စပါးနှံတို့**
**နိုင်ငံမှာ ရိက္ခာတိုးရအောင်**
**ဖြိုးမောက်ရွှင်လန်း။**

ငယ်စဉ်ကသင်ခဲ့သည့်ထိုကဗျာလေးတွင်ထိုကာလက ရာသီဥတု၊ ပတ်ဝန်းကျင်အခြေအနေနှင့် နှစ်ကူးသင်္ကြန်ပျော်ပွဲရွှင်ပွဲဆင်နွှဲမှုတို့အား ဖော်ပြထားသည်။ မြန်မာနိုင်ငံရာသီသည် ယခင်က ဤသို့ဥတုသုံးလီမှန်မှန်ညီခဲ့သည်။ တချို့နေရာဒေသများတွင် ပုံမှန်ခံစားရသည့် ရာသီကာလများ၌ ဆောင်းကားမအေး၊ မိုးလမရွာ၊ နွေမှာပူပြင်းသော်လည်း နှစ်ကာလမရှည်ကြာခဲ့ပါ။

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံသည်လည်း ဒေသနယ်ပယ်အလိုက်အစွန်းထွက်သောလွန်ကဲအပူအအေးဖြစ်ပေါ်မှု၊ ပုံသဏ္ဌာန်မမှန်သောမိုးရွာသွန်းမှုများဖြင့် အပြောင်းအလဲမြန်သည့်ရာသီဥတုဖောက်ပြန်ခြင်း တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံရသည်။

နှစ်ပေါင်းများစွာအတွင်း ယေဘုယျအားဖြင့် ဒေသတစ်ခုတွင် တစ်နှစ်တာ၏ အချိန်အလိုက်ဖြစ်လေ့ရှိသည့် ပျမ်းမျှမိုးလေဝသအခြေအနေဖြစ်ပြီး ထိုပျမ်းမျှအခြေအနေအပြောင်းအလဲဖြစ်ခြင်းသည်နှစ်ကာလရှည်ကြာဖြစ်ပေါ်သည်ကို ရာသီဥတုပြောင်းလဲမှုဟုဆိုသည်။ ရာသီဥတုပြောင်းလဲခြင်းမှာ တိကျသောဒေသတစ်ခုအတွင်း ပြောင်းလဲခြင်းဖြစ်နိုင်သကဲ့သို့ ကမ္ဘာမြေတစ်လွှားအနှံ့အပြားလည်း ဖြစ်ပေါ်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် မြေပြိုခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းဖြစ်ခြင်း၊ အပူချိန်လွန်ကဲခြင်း စသည့် သဘာဝဘေးဒဏ်များဖြစ်ပြီး ဆင့်ကဲအကျိုးဆက်များကို လက်ရှိပြည်သူများ ကိုယ်တိုင်ခံစားရသည်ဖြစ်၍ အထူးမဖော်ပြလိုပြီ။ လူတစ်ဦးစီ၏ အကျိုးထိခိုက်မှုမှသည် နိုင်ငံတစ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတို့အပါအဝင် လူမှုစီးပွားထိခိုက်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများမျိုးသုဉ်းပျောက်ကွယ်မှုများ၊ ဂေဟစနစ်များပျက်စီးမှုများ စသည်တို့အပေါ် ဆိုးကျိုးများသက်ရောက်လာသည်။ သဘာဝဘေးအန္တရာယ်များကို ရွာတစ်ရွာ၊ မြို့တစ်မြို့မှအစဒေသနယ်ပယ်အများအပြားတွင်အချိန်များများဖြစ်ပေါ်ခံစားရပါက ပြည်သူတို့၏စိတ်ဓာတ်ရေးရာများနှင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးလာမည်။ နိုင်ငံတော်၏ အခြေခံအဆောက်အဦများထိခိုက်ပြီး ကုန်ထုတ်စွမ်းအားစုများကျဆင်း၍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။ ဤသည်ကား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၏ အကျိုးဆက်တည်း။

တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝသည် မိမိတို့၏ နေရင်းဒေသကို ခင်တွယ်တတ်သည်။ နေရင်းဒေသ၌ ရှင်သန်ရပ်တည်ရေးအခက်အခဲရှိပါက ရာသီအလိုက်သော်လည်းကောင်း၊ ရေကြည်ရာမြက်နုရာနေရာသို့လည်းကောင်း အမြဲတမ်းပြောင်းရွှေ့ကျက်စားကြသည်မှာလည်း သဘာဝပင်ဖြစ်သည်။ သူတို့အတွက် နယ်နိမိတ်စည်းခြားထားမှုမရှိချေ၊ လူတို့သည်ကား ထိုသို့မဟုတ်ပြီ၊ ပြောင်းလဲလာသည့်ရာသီဥတုနှင့်အညီလိုက်လျောညီထွေအောင်ပြုမူရှင်သန်ရမည်ဖြစ်သလို ရာသီဥတုပြောင်းလဲမှုလျှော့ချသည့် လုပ်ရပ်များကို သတိရှိရှိနှင့်ဆောင်ရွက်ရပေမည်။ လိုက်လျောညီထွေအောင်ပြုမူခြင်းသည် လူတို့၏လူနေမှုပုံစံ၊ အသက်မွေးမှုပုံစံ၊ အဆောက်အအုံ၊ ဥပဒေမူဝါဒများနှင့်အဖွဲ့အစည်းများအားလုံး ဖြစ်ပေါ်လာသည့် အခြေအနေများနှင့်သဟဇာတဖြစ်စေရန် အစီအမံချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ညှိနှိုင်းပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်၊ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းလုပ်ငန်းများမှာ ပတ်ဝန်းကျင်ကောင်းဖြစ်ရန်ဖန်တီးခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းရန် ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်ရမည်ဖြစ်သည်။

**သစ်ပင်သစ်တောများသည် မြေ၊ ရေ၊ လေထုကို အရည်အသွေးကောင်းအောင် အဓိကပံ့ပိုးထောက်ကူပေးခြင်းဖြစ်၍ ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးတွင် ပဓာနကျကျပါဝင်သည်။** သစ်တောသစ်ပင်များ ပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းနိမ့်ကျခြင်းများသည် ကမ္ဘာမြေရာသီဥတုဖောက်ပြန်မှုနှင့်များစွာ ဆက်စပ်နေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၊ သဘာဝသိပ္ပံပညာရှင်များကလည်း ဖော်ထုတ်သတိပေးထားပြီးလည်းဖြစ်သည်။

ဥတုရာသီ တောကိုမှီ၏ ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်သည့် မြေသည် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချသည်။ သို့ဖြစ်၍ တည်ရှိပြီး သစ်တောများထိန်းသိမ်းခြင်း နှင့် သစ်တောသစ်ပင်များတိုးပွားအောင် ပြုမူခြင်း ဆောင်ရွက်ရပေမည်။ ထိန်းသိမ်းပြုမူဆောင်ရွက်ခြင်း ကို လက်ရှိလူတို့ကသာဆောင်ရွက်နိုင်သည်။ "ဒီနှစ် ဆောင်းက မအေးပါလား"၊ "အေးလိုက်တာ လူတွေ တောင်ခဲမလားပဲ"၊ "ဒီနှစ် မိုးခေါင်ချက်တော့လွန်ပါရော"၊ "မိုးရွာတာကသွန်ချသလို တအားကြီးပါလား"၊ "ဒီနွေမှာ ပူလိုက်တာနော် ငရဲကျနေသလိုကြီး"ဆိုတဲ့စကားများဖြင့် အစွန်းရောက်သည့် ရာသီဥတုနှင့်ဖက်ပြိုင်ရန်ဖြစ်နေသည်ထက် အကျိုးရှိပြီး လက်တွေ့ကျသော သစ်တောပြုစုထိန်းသိမ်းရေး အလုပ်များကို ဆတက်ထမ်းပိုးကြိုးစားရပေမည်။

ဥတုရာသီသည် တောပြုစုထိန်းသိမ်းရမည့် လူတို့အပေါ် အဓိကတည်မှီပေသည်။ စက်မှုနှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ကိရိယာများ အလွန်အကျွံအသုံးပြုခြင်း၊ သဘာဝသစ်တောများပြုန်းတီးခြင်း၊ ရုပ်ကြွင်းလောင်စာများ ထုတ်လုပ်သုံးစွဲခြင်း စသည့်လူသားတို့၏ပြုမူချက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာကာ ကမ္ဘာကြီးပူနွေးရသည်။ ရာသီဥတုများ ပြောင်းလဲလာရသည်။

**ဖြေရှင်းနိုင်စွမ်းသည် လူသားတို့အပေါ်မူတည်သည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးသည်လည်း လူသားများ၏ သစ်တောများအား ပြုစုထိန်းသိမ်းရန်အသိရှိမှု၊ ဆင်ခြင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာ၊ လူမှုစီးပွားရေး၊ မူဝါဒရည်မှန်းချက်တို့အပေါ်တွင်လုံးဝမူတည်နေ၏။**

"လူသားတွေ၏ကောင်းဆိုးနှစ်တန် ပြုမူသည့် လုပ်ရပ်နှင့် ရွေးချယ်သည့် ဆုံးဖြတ်ချက်များသည် ကမ္ဘာကြီးအနာဂတ်အတွက် ရာသီဥတုအဆုံးအဖြတ်ပင်ဖြစ်သည်၊ ဥတုရာသီ တောကိုမှီ၏၊ တောကားလူ၏ စီမံအုပ်ချုပ်မှုကို မှီ၏" ဟုဆိုရပေမည်။

**သစ်ပင်များကို ပြုစုထိန်းသိမ်းသည်ဆိုခြင်းမှာလည်း ခက်ခဲလှသည်မဟုတ်တဲ့ သစ်ပင်စိုက်ရာသီတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင်စိုက်ခြင်း၊ ကြီးထွားရေးအတွက် ပေါင်းရှင်း၊ မြေတောင်မြှောက်၊ လိုအပ်က မြေသြဇာကျွေးပြုစုခြင်းနှင့် တည်တံ့မြဲမြံအောင် ခြံစည်းရိုးကာရံ၊ လူ၊ ကျွဲ၊ နွားတို့၏ အနှောင့်အယှက်မရှိအောင်ထိန်းသိမ်းခြင်းဖြစ်သည်။** မြန်မာနိုင်ငံ၏ ရေမြေသဘာဝသည် တော်သင့်ရုံမျှ ဂရုစိုက်လျှင်ပင် သစ်ပင်တို့ရှင်သန်သော အခြေအနေရှိပြီးဖြစ်သည်။ မည်သူမဆို လက်ရှိအချိန်မှစတင်ပြီးတစ်နိုင်တစ်ပိုင် စိုက်ပျိုးလိုစိတ်၊ ဝိုင်းဝန်းထိန်းသိမ်းလိုစိတ်ရှိလာအောင်အားပေးကြရန် ကူညီကြရန်လည်းလိုပါမည်။

နိုင်ငံတော်အဆင့်တွင် နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်နေသည့် ယခုအခါသမယတွင် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆောင်ပုဒ်ချမှတ်ထားရှိခဲ့သည်။ အရည်အသွေးကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖြစ်ထွန်းရေးတွင် သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် ဂေဟစနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုသည် လွန်စွာအရေးပါပြီး အရေးကြီးလှသည်။ သစ်တောဦးစီးဌာနသည် ၁၉၉၅ ခုနှစ်မှစတင်၍ ပဓာနကျသော သစ်တောမူဝါဒ (၆) ချက်ချမှတ်ပြီး မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ နှစ်အလိုက်လျာထားချက်၊ နှစ်ရှည်မဟာဗျူဟာများ ချမှတ်ပြီး သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောကဏ္ဍတွင် ပုဂ္ဂလိကများ စနစ်တကျပူးပေါင်းပါဝင်လာစေရန် တွန်းအားပေးခြင်း၊ သစ်တောသယံဇာတအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ်စွမ်းဆောင်ရည် အပြည့်အဝအသုံးပြုနိုင်ရန် စီမံထိန်းသိမ်းခြင်း စသည့်များပြားသော သစ်တောလုပ်ငန်းဆောင်တာများစွာပါဝင်ပြီး နိုင်ငံ့ရေိယာ၏ ၅၀ ရာခိုင်နှုန်းကိုလည်း သစ်တောဖုံးလွှမ်းရေးကြိုးပမ်းလျက်ရှိသည်။

လက်ရှိသစ်တောဦးစီးဌာန၏ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးကို ဦးတည်နေသည့်ဖြစ်စဉ်ကြောင့် သစ်တောကဏ္ဍ၊ သစ်တောသစ်ပင်ဆိုင်ရာလုပ်ငန်းများအပေါ် ပြည်သူများကလည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြာလှဲ့သည့်ကောင်းကင်၊ စိမ်းလန်းသည့်မြေ၊ ကြည်လင်သည့်ရေ၊ သန့်စင်သည့်လေ စသည့်အညစ်အကြေး အဆိပ်အတောက်ကင်းမဲ့သည့် အရည်အသွေးပြည့်မီသော ကောင်းမွန်သည့်ပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သည့်ကမ္ဘာကြီးဖြစ်ရေးမျှော်မှန်းကာ စိမ်းလန်းသောအနာဂတ်ကိုထူထောင်ကြရမည် ဖြစ်ပေသည်။ ။

**အုန်းလွင်လေး(သစ်တော)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပဲခူးမြို့ ဥဿာမင်္ဂလာရေကန်တော်ကြီး
# အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်းခန့်ပြီးစီး



**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်အတွင်း ပြည်သူများသောက်သုံးရေအသုံးပြုနေသည့် ဥဿာမင်္ဂလာရေကန်တော်ကြီးအား သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ခြံစည်းရိုးကာရံခြင်းနှင့် ရေကန်ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၈ ရက်တွင် လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ဥဿာမင်္ဂလာရေကန်တော်ကြီးအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၂ သန်းအသုံးပြု၍ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူကာ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရေကန်ပတ်လည်အရှည် ၁၅၃၆ ပေ၊ အကျယ် ၆ ပေ၊ ထု ၉ လက်မအား ကွန်ကရစ်ခင်းခြင်းဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး ခြံစည်းရိုးကာရံခြင်း၊ သံပန်းတပ်ဆင်ခြင်း လုပ်ငန်းမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

ဥဿာမင်္ဂလာ ရေကန်တော်ကြီးသည် လွန်ခဲ့သောနှစ်များစွာကပင် ရပ်ကွက်နေပြည်သူများ ကိုယ်ထူကိုယ်ထတူးဖော်ခဲ့သောမြေသားရေကန်ကြီးဖြစ်ပြီး နန်းတော်ရာရပ်ကွက်အတွင်းရှိ ဥဿာ၊ ဥဿာသီရိ၊ အင်းဝင်၊ မြင်တော်သာ၊ နန်းတော်ကုန်း၊ ကြည်တော်ကုန်း၊ ဗိုလ်ကြီးကုန်း၊ အလင်းရောင် စသည့်ရပ်ကွက်များအပြင် ရှင်စောပုရပ်ကွက်အတွင်းရှိ ပြည်သူအချို့ပါ သောက်သုံးရေအဖြစ် အသုံးပြုနေရသည့် ရေကန်တော်ကြီးဖြစ်ကြောင်း သိရသည်။

(၄၀၁)

## သင့်မဲတစ်ပြား တန်ဖိုးထား

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ် ဦးဆောင်
ပြည်ထောင်ကောင်းကျိုး၊ အားသွန်ကြိုးမည့်
အမျိုးချစ်သူတွေ ပေါ်ထွန်းပါစေ ...။

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ် ရပ်တည်
ပြည်သူ့ဘဝ၊ မြှင့်တင်ပြမည့်
တရားမျှသူတွေ ပေါ်ထွန်းပါစေ ... ။

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ်စံပြု
ပြည့်ဥပဒေ၊ စောင့်ထိန်းနေမည့်
အမွေခံသူတွေ ပေါ်ထွန်းပါစေ ...။

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ်ခိုင်မာ
ဘာသာ သာသနာ၊ စောင့်ရှောက်ပါမည့်
ကာကွယ်သူတွေ ပေါ်ထွန်းပါစေ ... ။

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ်ထက်မြက်
ပြည့်မျက်နှာကြည့်၊ သစ္စာရှိမည့်
ပြည့်ဝသူတွေ ပေါ်ထွန်းပါစေ ... ။

♦ သင့်မဲတစ်ပြား၊ စွမ်းပကားဖြင့်
မားမတ်မနေး
အရေးကြုံလတ်၊ သက်နှင်းဆပ်မည့်
မြင့်မြတ်သူတွေ ပေါ်ထွန်းပါစေ ... ။

♦ သင့်မဲတစ်ပြား၊ တန်ဖိုးထား၍
သည်းကြားမြှုပ်နှံ၊ ဆန္ဒမှန်ဖြင့်
မြန်ပြည်ရှေ့ရေး၊ အနာဂတ်ရေးတွက်
အတွေးမှန်မှန်၊ အရွေးမှန်စွာ
တာဝန်ကိုယ်စီ၊ ကျေကြမည်မို့
ပြည်ချစ်သူတိုင်း၊ ပေါင်းဆုံဝိုင်းလျက်
သမိုင်းသစ်ဖန်၊ လှပေါင်းရံမည့်
နက်ဖြန် အရုဏ်ဦးကို ကြိုရအောင် .....။ ။

**တက်နေထွန်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၉-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၄။ ၁၀:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၅။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၈။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ
၉။ ၁၅:၀၀ အဟောင်းထဲမှအကောင်းဆုံးတေးသီချင်းများ
၁၀။ ၁၇:၀၀ စိုက်ပျိုးသုတ
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ CGTN Nature အပိုင်း(၁၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၁၂-၂၀၂၅(တနင်္လာနေ့)


၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

## MWD Variety Channel

၂၉-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၂၀ သတိမမူ ဂူမမြင်
၂။ ၁၀:၄၅ Countries of the World
၃။ ၁၁:၅၀ သောတဆင်စရာ တေးမြန်မာ
၄။ ၁၆:၃၀ စိတ်ဝင်စားဖွယ်ရာတိရစ္ဆာန်ကမ္ဘာ
၅။ ၂၀:၃၅ Knowledge Note

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၂°C |
| ဟဲဟိုး | ၂.၄°C |
| ပင်လောင်း | ၃.၄°C |
| လွိုင်လင် | ၃.၄°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၃.၅°C |
| တီးတိန် | ၄.၈°C |
| မိုင်းယန်း | ၆.၅°C |
| လွိုင်ကော် | ၇°C |
| လားရှိုး | ၇°C |
| ပြင်ဦးလွင် | ၇.၅°C |
| တောင်ကြီး | ၇.၅°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၆ |
| ရှမ်း(မြောက်) | ၈ | ၂၅ |
| ရှမ်း(အရှေ့) | ၈ | ၂၇ |
| ရှမ်း(တောင်) | ၈ | ၂၅ |
| ချင်း | ၄ | ၂၂ |
| စစ်ကိုင်း(အထက်) | ၁၃ | ၂၇ |
| စစ်ကိုင်း(အောက်) | ၁၄ | ၃၀ |
| နေပြည်တော် | ၁၄ | ၃၀ |
| မန္တလေး | ၁၄ | ၃၁ |
| မကွေး | ၁၃ | ၃၁ |
| ရခိုင် | ၁၆ | ၂၉ |
| ပဲခူး | ၁၅ | ၃၃ |
| ရန်ကုန် | ၂၀ | ၃၂ |
| ဧရာဝတီ | ၁၉ | ၃၂ |
| ကယား | ၇ | ၂၇ |
| ကရင် | ၁၈ | ၃၄ |
| မွန် | ၂၀ | ၃၃ |
| တနင်္သာရီ | ၂၀ | ၃၄ |

# ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




ပဲခူး ဒီဇင်ဘာ ၂၈

ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှေ့မှစတင်ကာ စုပေါင်းလမ်းလျှောက်ကြပြီး ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ (၁)နှင့် အတွဲ(၂)တို့အား စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာလွန်ဆွဲပြိုင်ပွဲ၊ အပျော်တမ်းဘောလုံးဂိုးကျဉ်းသွင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ခါးကွင်းလှည့်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကံစမ်းမဲဖောက်ပေး၍ လွန်ဆွဲပြိုင်ပွဲတွင် အနိုင်ရရှိသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း လူဦးရေ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုများက ကောက်ညှင်းပေါင်း၊ အကြော်တို့ဖြင့် ကျွေးမွေးဧည့်ခံကြကြောင်းသိရသည်။

ဥဩာတိုင်းသား

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၈၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

မြောင်းမြ ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၈၀၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို အောက်တိုဘာလ ဒုတိယပတ်က စတင်ပြန်လည်ရိတ်သိမ်းရာ လက်ရှိတွင် ၈၅၁၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးတစ်ဧကလျှင် ၁၀၆ ဒသမ ၇၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဒီနှစ်မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ လက်ရှိအချိန်အထိ မိုးစပါးဧက ၈၀၀၀၀ ကျော် ပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်တဲ့မိုးစပါးတွေကို ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စပါးစတင်မစိုက်ပျိုးမီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့အပြင် တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေး၊ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းနဲ့အရည်အသွေး ပြည့်မီတာတွေ့ရပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးစပါးများ လျှာထားချက်ပြည့်မီအောင် စိုက်ပျိုးရိတ်သိမ်းနိုင်ရန် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၈ ရက်နှင့် ၂၁ ရက်**တို့တွင် ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၈၉၇)တန်၊ အခြားသစ် (၁၆ ဒသမ ၈၇၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၅၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်**တို့တွင် ဘီးလင်းမြို့နယ်၊ သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၇၇၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan (၁)စီး၊ SKAT Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၃၇၇၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ **ဒီဇင်ဘာလ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၃၃၄၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

(မိုး/ဇလ)

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ ဘ၀နတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၀၀:၁၅ နာရီတွင် ဘ၀နတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

### နိုင်ငံတော်သြဝါဒါစရိယဆရာတော် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ အုတ်ဖိုမြို့နယ်၊ လွှစင်အုပ်စု၊ ဘုန်းစိုးကြီးကျေးရွာ၊ ဘုန်းစိုးကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ အုတ်ဖိုမြို့နယ်၊ ဘုန်းစိုးကြီးကျေးရွာ၊ ခမည်းတော် ဦးမှင် + မယ်တော် ဒေါ်အေး တို့က ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ်၊ အသက် ၁၅ နှစ်အရွယ်တွင် ဘုန်းစိုးကြီးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် ဘုန်းစိုးကြီးကျောင်းခဏ္ဍသိမ်၌ သဲကောကျောင်း ဆရာတော်ဘဒ္ဒန္တနာဂကို ဥပဇ္ဈာယ်ပြု၍ ဦးစိုးမောင် + ဒေါ်အုန်းမြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အုတ်ဖိုမြို့နယ်၊ ဘုန်းစိုးကြီးကျောင်း ဆရာတော်ဘဒ္ဒန္တဇောတိက၊ ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ ချမ်းသာကြီးတိုက်ဆရာတော်ဘဒ္ဒန္တနန္ဒမဥ္ဇူနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော်နှင့် စာချဆရာတော်များ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်းပါဠိတက္ကသိုလ်နှင့် အုတ်ဖိုမြို့နယ်၊ ဘုန်းစိုးကြီးကျောင်းတိုက်တို့တွင် စာသင်သားရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ပါဠိပထမပြန်စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘ၀နတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါ အရ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ (၂၈-၁၂-၂၀၂၅)၊ တနင်္ဂနွေနေ့၊ နံနက် ၀၀:၁၅ နာရီအချိန်တွင် ဘ၀နတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။



မြဝတီ

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင်၁ ပေခွဲမှ ၂ ပေခွဲခန့်လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့်မြစ်ငယ်မြို့တို့တွင် ၁ ပေခွဲခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည်ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည်ဇောင်းတူမြို့နှင့်ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခွဲခန့်၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## ၂၈-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။


**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၄°C / ၃၀°C |
| ရန်ကုန် | ၂၀°C / ၃၂°C |
| မန္တလေး | ၁၄°C / ၃၁°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာအား သမ္မတ ပူတင်က နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်ချီးမြှင့်



**မော်စကို၊ ပြည်တွင်းရေး**

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာအား သမ္မတ ဗလာဒီမာပူတင်က ကရင်မလင်နန်းတော်၌ "Order of Merit for the Fatherland, IV degree" ဖြစ်သည့် နိုင်ငံတော်အဆင့်ဘွဲ့တံဆိပ်ကို တရားဝင်ချီးမြှင့်လိုက်ကြောင်းသိရသည်။

သမ္မတ ဗလာဒီမာပူတင်သည် ဒီဇင်ဘာလ ၂၄ ရက်တွင် ဤဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ရုရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကိုအကောင်အထည်ဖော်ရာတွင် ၎င်း၏ ထူးကဲသောစွမ်းဆောင်ရည်များနှင့်နိုင်ငံတော်အကျိုးကိုရှေ့တန်းမှ ကာကွယ်ပေးနေသည့်ကြိုးပမ်းမှုများကို အသိအမှတ်ပြုခြင်းဖြစ်သည်ဟု ကရင်မလင်နန်းတော်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မာရီယာဇာခါရိုဗာသည် ၂၀၁၅ ခုနှစ်မှစတင်ကာ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမဆုံးပြောရေးဆိုခွင့်ရှိသူအမျိုးသမီးအဖြစ်တာဝန်ယူခဲ့ပြီး အနောက်အုပ်စုနှင့် သံတမန်ရေးရာ တိုက်ပွဲများအတွင်း ၎င်း၏ ပြတ်သားထက်မြက်သည့် တုံ့ပြန်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် ထင်ရှားကျော်ကြားလာသူဖြစ်သည်။ ၎င်းသည် သံတမန်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်ပြီး MGIMO တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူဖြစ်သည်။

သတင်းစာရှင်းလင်းပွဲများတွင် အနောက်နိုင်ငံများ၏ စွပ်စွဲချက်များကို အချက်အလက်ခိုင်ခိုင်မာမာဖြင့် တုံ့ပြန်တတ်သည့်၎င်း၏ပုံစံသည် ခေတ်သစ်ရုရှားသံတမန်များအတွက် ပြယုဂ်တစ်ခုဖြစ်လာကြောင်းသိရသည်။

**Ref: Tass**

# New Year Countdown Live Show တေးဂီတဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန်ရည်ရွယ်၍ ကျင်းပသည့် New Year Countdown Live Showတေးဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၂)တို့၌ကျင်းပရာ ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

အဆိုပါဖျော်ဖြေပွဲတွင် Music Band၊ DJ များဖြင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များက ပရိသတ်အကြိုက်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့အတူ ဖျော်ဖြေရေးကွင်းအတွင်း၌စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကို ဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ အမှတ်တရ အလှဓာတ်ပုံရိုက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ညစဉ် ၇ နာရီမှစ၍ ဒီဇင်ဘာလ ၃၁ ရက်ည၁၂နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးနိုင်(မြဝတီ)**






**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၁/မမ/CE | (1" x 1 1/2")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၁၂၀၀၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း)အရောက်ဝယ်ယူရန်(မုပ္ပလင်=၇၀၀၀ ကျင်း၊ ဇင်းကျိုက်=၄၀၀၀ ကျင်း၊ အင်တောကျယ်=၁၀၀၀ ကျင်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၂-၁-၂၀၂၆)နေ့လယ် (၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၁၂-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 294352, 291994

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ မောင်ကျော်သန်းဦး(ဘ) ဦးကျော်ရင် ၁၂/ပဇတ(နိုင်)၀၁၅၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၃၄၃၀၇

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့၊ သဲကျောရွာနေ အောင်မြတ်ဌေး(ဘ)ဦးနိုင်ဝင်း ၇/ညလပ(နိုင်)၂၂၉၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်နှုးနီးရမ်း(ဘ)ဦးမိတရာလာ(လ်) ၉/မကန(နိုင်)၁၂၄၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ဦးမောင်သန်းတင်(ဘ)ဦးထွန်းအေးခိုင် ၁၁/ပနတ(နိုင်)၀၄၀၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်စိုး(ဘ)ဦးမောင်သိန်းစိုး ၁၁/ပနတ(နိုင်)၀၆၆၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၈၁၁၁၈၀

**ပျောက်ဆုံးကြောင်း**
ကယ်ရီလင်း(ဘ)ဦးက ၂/လကန(နိုင်)၁၂၈၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 435290)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၄၉၆၀၃၉

**ပျောက်ဆုံးကြောင်း**
မင်းဇော်ထွေး(ဘ)ဦးမာမွတ် ၃/ဘအန(နိုင်)၄၇၀၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မဝင်းမာ(ဘ)ဦးစိန်အောင်မင်း ၉/ပဘန(နိုင်)၁၈၄၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြင့်မြတ်သူ(ဘ)ဦးလှိုင်တင် ၈/ရနခ(နိုင်)၁၆၀၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လင်းလင်းစန်း(ဘ)ဦးသန်းမြင့် ၈/ခမန(နိုင်)၁၇၁၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းသဇင်မွေး(ဘ)ဦးမြင့်ဦး ၈/ရစက(နိုင်)၂၂၃၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ကျော်မင်း(ဘ)ဦးသန်းစိုးဦး ၇/ရတရ(နိုင်)၁၄၇၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 979403)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ခင်မြင့်သူ(ဘ)ဦးအောင်မြင့် ၁၁/မအန(နိုင်)၀၆၂၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 558754)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝဏ္ဏထွန်း(ဘ)ဦးမြင့်ထွန်း ၇/ကတခ(နိုင်)၂၀၀၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
ဝင်းစန္ဒာဦး(ဘ)ဦးစိုးသန်း ၇/ပခန(နိုင်)၂၉၇၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 258031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မလီတဲမေ(ဘ)ဦးအိမ်ဖန့် ၁၃/မဆတ(နိုင်)၀၇၄၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 441465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းမိုဆိုင်အေး(ဘ)ဦးစံအေး ၁၃/နခန(နိုင်)၀၈၅၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 441464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မြင့်သူ(ဘ)ဦးအောင်မြင့် ၁၁/မအန(နိုင်)၀၆၂၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 558754)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၃၆၀၃၃၇

**ပျောက်ဆုံးကြောင်း**
မောင်ဘုန်းနိုင်(ဘ)ဦးမြင့်ရွှေ ၈/စတရ(နိုင်)၀၃၈၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၁၁

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်


**နေပြည်တော် ဒီဇင်ဘာ ၂၈**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကိုရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့်ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ (စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာလ ၂၇ ရက်နှင့် ယနေ့တို့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းပြုလုပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့်အရာရှိ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများပါဝင်ဆင်နွှဲ၍သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

# ပုဇွန်တောင်မြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး၍ ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၂၇ ရက်က စက်ဆန်းရပ်ကွက်ရှိ A&T ဖူဆယ်မြက်ခင်းတုကွင်း၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ မြို့နယ်ရဲတပ်ဖွဲ့အသင်း၊ မြို့နယ်စည်ပင်သာယာရေးအသင်းနှစ်သင်း၊ မြို့နယ်ပညာရေးဌာနအသင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနအသင်း စုစုပေါင်း အသင်းခြောက်သင်းက အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည်ယှဉ်ပြိုင်ခဲ့ပြီးနောက် အုပ်စုနှစ်စုမှတက်လာသည့် အသင်းလေးသင်းက ဗိုလ်လုပွဲဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပထမဆုရသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ ဒုတိယဆုရသော မြို့နယ်မီးသတ်ဦးစီးဌာနအသင်း၊ တတိယဆုရသော မြို့နယ်စည်ပင်သာယာရေး(၁) အသင်း၊ စတုတ္ထဆုရသော မြို့နယ်ရဲတပ်ဖွဲ့အသင်းနှင့် အထူးဆုရသော မြို့နယ်စည်ပင်သာယာရေး (၂) အသင်းတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဟန်စုယဉ်**


# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင်အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း အဆောက်အအုံ ၃ လုံး၊ ၂ ထပ်အဆောက်အအုံ ၂ လုံးနှင့် ဂိုဒေါင် ၁ လုံး၊ စုစုပေါင်း တရားမဝင် အဆောက်အအုံ ၆ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။


ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ် အဆောက်အအုံ ၅ လုံး

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ K K Park အား ဖောက်ခွဲဖျက်ဆီးမှု




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေ အဆောက်အအုံ

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် လူနေ အဆောက်အအုံ

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေ အဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု

မဖြိုဖျက်မီ | ဖြိုဖျက်ပြီး






KK Park နယ်မြေအတွင်း တရားမဝင် ပစ္စည်းများ မီးရှို့ဖျက်ဆီး နေမှုကို တွေ့ရစဉ်။

သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၄ ထပ်ကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၆ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)စတင်ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ်(၈)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး





မန္တလေး ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း သတ်မှတ်မဲရုံ အသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျ ဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများက လည်း စိတ်အားထက်သန်စွာ မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင် ပြည်သူများစိတ်အေးချမ်းစွာ မဲပေးနိုင်ရေး အတွက် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲ အပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်စသည့်မြို့နယ်(၈)မြို့နယ် တို့ပါဝင်ပြီး အဆိုပါမြို့နယ်(၈)မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၀၀၀၀ ကျော် အတွက် မဲရုံပေါင်း ၁၂၄၂ ကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေး ပါတီကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ် ခံကြကြောင်း သိရသည်။

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ် များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီသို့မဟုတ်ကိုယ်စားလှယ် လောင်း၏အမည်နှင့် အမှတ်တံဆိပ် ဘေးရှိခလုတ်ကိုနှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ပေးထားသည့် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်းပြီးနောက် မဲပေးစက်မှထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီး တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်း များကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာ တို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။ **မောင်အေးချမ်း**





စဥ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာသို့ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

**❒ ကျောဖုံးမှအဆက်**

တပ်မတော်စစ်ကြောင်းများက အဆိုပါ ဒေသများ တည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့အား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါစဥ့်ကူးမြို့နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် လိုအပ်သည့်နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပြီး ယနေ့တွင် စဥ့်ကူးမြို့နယ်၊ ကျည် တောက်ပေါက်ကျေးရွာသို့ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြဝမ်းပန်းတသာကြိုဆို ကြသည်။

အဆိုပါဒေသအတွင်း အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု အပေါ် အကြောင်းမဲ့ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် အဆိုပါအကြမ်းဖက်သမားများကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော် အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့် လည်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန် အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး ကို အမြန်ဆုံးရရှိအောင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**အများ အားဖြင့် သာယာမည်**

နေပြည်တော် ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှု နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လှည့်လည်ကြည့်ရှုလေ့လာ



နေပြည်တော် ဒီဇင်ဘာ ၂၈

**“အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့”** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော် ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်အောင်မြင်စွာကျင်းပနေမှုများကို **စာမျက်နှာ ၅ ကော်လံ ၁** ❖

## ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာအား သမ္မတပူတင်က နိုင်ငံတော်အဆင့်ဘွဲ့တံဆိပ်ချီးမြှင့် စာ - ၂၇ သို့

## New Year Countdown Live Show တေးဂီတဖျော်ဖြေပွဲကျင်းပ စာ - ၂၇ သို့

# စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၈

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်များအတွင်းဝင်ရောက်ကာ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်၊ မြေအောက်သယံဇာတများ အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် **စာမျက်နှာ ၃၁ ကော်လံ ၁** ❒



စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။